# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


## ဂုဏ်သတင်းပျံ့နှံ့လိုင်ကြ၏

ပန်းရနံ့သည် လေညာကိုမသွား၊ စန္ဒကူးအနံ့၊ တောင်ဇလပ်ပန်းအနံ့၊ စံပယ်ကြက်ရုန်းပန်းအနံ့သည်လည်း လေညာသို့မသွား။ သူတော်ကောင်းတို့၏ အနံ့သည်သာ လေညာသို့သွား၏။ သူတော်ကောင်းတို့၏ ဂုဏ်သတင်းသည် အရပ်မျက်နှာအားလုံးတို့သို့ ပျံ့နှံ့လိုင်ကြ၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၄)


၁၃၈၅ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၂ ရက် | ၂၀၂၃ ခုနှစ်၊ ဇူလိုင် ၁၉ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၆၂)၊ အမှတ် (၂၈၈)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံ အခြေခံဥပဒေ (၂၀၀၈) နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီ စံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



# စံပြုရမည့်ကောင်းမြတ်သော အရည်အသွေးများ

ယနေ့သည် ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးခဲ့သည့် (၇၆) နှစ်မြောက် အာဇာနည်နေ့ဖြစ်သည်။ မိမိတို့သည် အာဇာနည်နေ့သို့ရောက်တိုင်း အတိတ်ကာလက ခေါင်းဆောင်ကြီးများ၏ တိုင်းပြည်လွတ်လပ်ရေးနှင့် ပြန်လည်ထူထောင်ရေးတို့အတွက် မနားမနေကြိုးပမ်းကြရင်းနှင့် မသမာသူတို့၏ လုပ်ကြံမှုကြောင့် လွတ်လပ်ရေးမရမီ လက်တစ်ကမ်းအလိုတွင် ကျဆုံးခဲ့ရသည့်အဖြစ်ကို ပြန်လည်အမှတ်ရလေ့ရှိကြသည်။ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည် ပုဂ္ဂိုလ်ထူး၊ ပုဂ္ဂိုလ်မြတ်တို့၏ ထူးခြားထင်ရှားသည့် ကိုယ်ရည်ကိုယ်သွေးနှင့် နိုင်ငံချစ်စိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်တို့ကိုလည်း ပြန်ပြောင်းအောက်မေ့ကာ အလေးအမြတ်ပြုကြရသည်။

အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းသည် ကျဆုံးချိန်တွင် အသက် ၃၂ နှစ်သာရှိသေးပြီး အာဇာနည်ခေါင်းဆောင်များအနက် အသက်အငယ်ဆုံးဖြစ်သည်။ ဗိုလ်ချုပ်၏ ထူးချွန်ထက်မြက်မှု၊ ရိုးသားဖြောင့်မတ်မှု၊ လက်ရုံးရည် နှလုံးရည်နှင့် ပြည့်စုံမှုတို့ကြောင့် ဗိုလ်ချုပ်၏ ဦးဆောင်မှုကို ကျန်ခေါင်းဆောင်များက ယုံကြည်လေးစားစွာ လိုက်ပါခံယူခဲ့ကြခြင်းဖြစ်သကဲ့သို့ တောင်တန်း၊ ပြည်မ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးကလည်း စည်းလုံးညီညွတ်စွာ လိုက်ပါခဲ့ကြခြင်းဖြစ်သည်။ ကမ္ဘာကျော် အိန္ဒိယအမျိုးသားခေါင်းဆောင်ကြီး နေရူးသည် ဗိုလ်ချုပ်အောင်ဆန်းကို ကျောင်းသားသမဂ္ဂဥက္ကဋ္ဌ ကိုအောင်ဆန်းဘဝကပင် လေ့လာအကဲခတ်မိပြီး "အောင်ဆန်း၏ အသိဉာဏ်နှင့် အမြော်အမြင်ကြီးမားမှုသည် သူ၏ အသက်အရွယ်နှင့် မလိုက်အောင်ပင် ထူးချွန်ထက်မြက်ကြောင်း" သုံးသပ်ခဲ့သည်။ ထိုစဉ်က အရှေ့တောင်အာရှနိုင်ငံအများစုမှာ နယ်ချဲ့လက်အောက်ခံကိုလိုနီဘဝ ကျရောက်နေချိန်ဖြစ်ပြီး လွတ်မြောက်ရေးအတွက် ကြိုးပမ်းနေကြသည့် နိုင်ငံအသီးသီးမှ ခေါင်းဆောင်များအနက် ငယ်ရွယ်နုပျိုသော၊ ထူးချွန်ထက်မြက်သော၊ သတ္တိဗျတ္တိနှင့် ပြည့်စုံသော ဗိုလ်ချုပ်အောင်ဆန်းကို နေရူးက အထူးပင် နှစ်ထောင်းအားရ ရှိခဲ့သည်။ ထို့ကြောင့် ဗိုလ်ချုပ်အောင်ဆန်းကျဆုံးသွားသည့်အခါ "အောင်ဆန်းကျဆုံးတာဟာ မြန်မာနိုင်ငံအတွက်သာမဟုတ် အာရှနိုင်ငံအားလုံးအတွက် အလွန်ထူးချွန်ထက်မြက်တဲ့ ခေါင်းဆောင်ကောင်းတစ်ဦး ဆုံးရှုံးရခြင်းဖြစ်တယ်" ဟု မှတ်ချက်ချခဲ့ခြင်းဖြစ်သည်။

ဗိုလ်ချုပ်အောင်ဆန်း၏ စိတ်နေစိတ်ထားနှင့် ပင်ကိုစရိုက်သဘာဝတွင် ရိုးသားဖြောင့်မတ်မှုမှာလည်း ၎င်းနှင့်တွေ့ဆုံဆက်ဆံခဲ့ရသူတိုင်းက အသိအမှတ်ပြုကြရသော ကိုယ်ရည်ကိုယ်သွေးတစ်ရပ်ပင်ဖြစ်သည်။ ၁၉၄၅ ခုနှစ်အတွင်း အရှေ့တောင်အာရှ မဟာမိတ်တပ်ပေါင်းစု သေနာပတိချုပ် ရေတပ်ဗိုလ်ချုပ်ကြီး မောင့်ဘက်တန်၏ ညွှန်ကြားချက်အရ ဗြိတိသျှအမှတ်(၁၄) တပ်တော်သေနာပတိ ဗိုလ်ချုပ်ကြီး ဆလင်းက ဌာနချုပ်ရှိရာ မိတ္ထီလာမြို့၌ ဗိုလ်ချုပ်အောင်ဆန်းအား လက်ခံတွေ့ဆုံခဲ့ရာ မြင်မြင်ချင်းပင် တပ်မှူးကောင်းတစ်ဦးဟု အကဲခတ်မိသည့်အပြင် အင်္ဂလိပ်စကားကို အထူးကျွမ်းကျင်စွာ ပြောနိုင်ပုံ၊ နိုင်ငံတကာရေးရာ၊ ကမ္ဘာ့စစ်မက်ရေးရာအခြေအနေ စသည်တို့ကို နိုင်ငံရေးသိပ္ပံပညာဆိုင်ရာ ဝေါဟာရကြွယ်ဝစွာဖြင့် ဆွေးနွေးပြောဆိုနိုင်ပုံတို့ကိုပါ တွေ့မြင်နိုင်ခဲ့သည်။ ထို့ကြောင့် စစ်ပြီးခေတ်တွင် ဗိုလ်ချုပ်ကြီး ဆလင်း ရေးသားခဲ့သည့် Defeat into Victory စာအုပ်၌ ဗိုလ်ချုပ်အောင်ဆန်းနှင့် စပ်လျဉ်း၍ "အောင်ဆန်းနှင့်ပတ်သက်၍ ကျွန်ုပ်အနေဖြင့် သူ့အား အထူးလေးစားအထင်ကြီးမိသော အရည်အချင်းကား သူ၏ ရိုးသားတည်ကြည်ဖြောင့်မတ်မှုပင်ဖြစ်သည်။ သူသည်စကားကို ပေါ့ပေါ့ဆဆ မပြော၊ အလွယ်တကူကတိပေးတတ်သူလည်းမဟုတ်။ သို့သော် တစ်စုံတစ်ခု လုပ်ပါမည်ဟု ကတိပေးပြီးလျှင်မူ မည်သို့ပင်ဖြစ်စေ ကတိတည်စွာ တကယ်လုပ်မည့် လူစားမျိုးဖြစ်ကြောင်း ကျွန်ုပ်ယုံကြည်မိသည်။"ဟူ၍ ချီးကျူးရေးသားခဲ့သည်။

"လူမှာအရေးကြီးဆုံးက ကိုယ်ကျင့်တရားရယ်၊ အမှန်တရားကို မြတ်နိုးမှုရယ် . . . ဒါပဲဖြစ်တယ်" Character and Love of Truth ဟူ၍ ဗိုလ်ချုပ်အောင်ဆန်းက ဆိုလေ့ရှိကြောင်း ဗိုလ်ချုပ်၏ အပါးတော်မြဲ (ကိုယ်ရေးအရာရှိ) ဖြစ်သူ ဗိုလ်ထွန်းလှ (တက္ကသိုလ်နေဝင်း) ၏ ဆောင်းပါးတစ်ပုဒ်တွင် ရေးသားဖော်ပြခဲ့ရာ ဗိုလ်ချုပ်အောင်ဆန်း၏ ထူးချွန်ထက်မြက်မှု၊ ရိုးသားတည်ကြည်ဖြောင့်မတ်မှု၊ ကိုယ်ကျင့်တရားနှင့် အမှန်တရားကို မြတ်နိုးမှုတို့သည် ပစ္စုပ္ပန်ကာလ လူငယ်မျိုးဆက်သစ်များ စံနမူနာအတုယူရမည့် ကောင်းမြတ်သော အရည်အသွေးများပင် ဖြစ်ပါကြောင်း။ ။

## အသိပေးနှိုးဆော်ချက်

၁။ ၂၀၁၂ ခုနှစ်၊ ဇူလိုင်လ (၁၉) ရက်နေ့တွင် ကျင်းပပြုလုပ်မည့် (၇၆) နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကို ဗဟန်းမြို့နယ်ရှိ အာဇာနည်ဗိမာန်တွင် ကျင်းပပြုလုပ်မည်ဖြစ်ရာ အခမ်းအနားကျင်းပမည့် နံနက် ဝ၄ဝဝ နာရီအချိန်မှ အခမ်းအနားပြီးဆုံးသည်အထိ အနောက်ရွှေဂုံတိုင်လမ်းအား ရေတာရှည် လမ်းဟောင်းမှလည်းကောင်း၊ ဓမ္မစေတီလမ်းအား ဦးဝိစာရ-ဓမ္မစေတီလမ်းဆုံမှလည်းကောင်း၊ ဓမ္မစေတီလမ်းအား အင်းယားမြိုင်လမ်းဆုံမှလည်းကောင်း၊ အာဇာနည်လမ်းအား အနောက်ရွှေဂုံတိုင်လမ်းနှင့် ဦးဝိစာရလမ်းဆုံမှလည်းကောင်း၊ အာဇာနည်လမ်းအား ဦးထောင်ဘိုလမ်းနှင့် အာဇာနည်လမ်းဆုံမှလည်းကောင်း၊ ဦးဝိစာရလမ်းအား ဦးဝိစာရအဝိုင်းမှ ဦးဝိစာရ-ဓမ္မစေတီလမ်းဆုံအထိလည်းကောင်း၊ ရွှေတိဂုံဘုရားမြောက်ဘက်မုခ်(သွေးဆေးကန်)လမ်းတို့အား ခေတ္တပိတ်ထားမည်ဖြစ်ပြီး လမ်းပိတ်/လမ်းလွှဲ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ ဗိုလ်ချုပ်အောင်ဆန်းနေအိမ်ပြတိုက် ဖွင့်လှစ်မည့်နေရာအား ၁၉-၇-၂၀၁၂ ရက်နေ့မှ ၂၁-၇-၂၀၁၂ ရက်နေ့ ဝ၅ဝဝ အချိန်မှ ၁၈ဝဝ အချိန်အထိ နတ်မောက်လမ်းအား ဝင်္ကဘာလမ်းဆုံမှလည်းကောင်း၊ နတ်မောက်လမ်းအား ဖိုးစိန်လမ်းဆုံမှလည်းကောင်း၊ ဗိုလ်ချုပ်ပြတိုက်လမ်းအား ငါးထပ်ကြီးဘုရားလမ်းနှင့်ဆုံရာမှလည်းကောင်း၊ ဗိုလ်ချိုလမ်းအား ရွှေကြက်ယက်လမ်းဆုံမှလည်းကောင်း၊ ဗိုလ်ချုပ်ပြတိုက်လမ်းအား စောမဟာလမ်းဆုံမှလည်းကောင်း ခေတ္တပိတ်ထားမည်ဖြစ်ပြီး လမ်းပိတ်/လမ်းလွှဲ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၃။ အလံတင်အခမ်းအနားကျင်းပမည့် အတွင်းဝန်ရုံးအား ၁၉-၇-၂၀၁၂ ရက်နေ့မှ ၂၁-၇-၂၀၁၂ ရက်နေ့ ဝ၅ ဝဝ အချိန်မှ ၁၈ ဝဝ အချိန်အထိ သိမ်ဖြူလမ်းအား ဗိုလ်ချုပ်လမ်းဆုံမှလည်းကောင်း၊ အနော်ရထာလမ်းအား ဗိုလ်မြတ်ထွန်း လမ်းဆုံမှလည်းကောင်း၊ မဟာဗန္ဓုလလမ်းအား ပန်းဆိုးတန်းလမ်းဆုံမှလည်းကောင်း၊ ဗိုလ်အောင်ကျော်လမ်းအား ကုန်သည်လမ်းဆုံမှလည်းကောင်း လမ်းပိတ်ထားမည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ယာဉ်မောင်းသူပြည်သူများအနေဖြင့် အခမ်းအနားကျင်းပစဉ် လမ်းပိတ်လမ်းလွှဲ ဆောင်ရွက်နေသည့်အချိန်များတွင် အခြားသင့်လျော်သောလမ်းများမှ မောင်းနှင်သွားလာကြပါရန် ကြိုတင်အသိပေးနှိုးဆော်အပ်ပါသည်။ **ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့**

## အားစိုက်သယ်ပိုး

☆ လဇူလိုင် တစ်ဆယ့်ကိုး
ကြမ္မာဆိုး ဝင်ရောက်လာ၊
နယ်ချဲ့ဉာဏ် အပြစ်ရှာမြှောက်တော့
တွယ်ဖဲ့ရန် သစ္စာဖောက်တို့
ကောက်ကျစ်ယုတ်မာ၊
ခုနစ်ဆယ့်ခြောက်နှစ် ကာလကြာ
ကြာပေမဲ့ မေ့နိုင်ဘူး။
အာဇာနည် ခေါင်းဆောင်များရဲ့
ထင်ရှားဂုဏ်ထူး။

☆ အာဇာနည် ခေါင်းဆောင်များကို
လေးစားလို့ အောက်မေ့ကာ၊
အာဇာနည် အမွေခံဖြစ်အောင်
သစ္စာပြုပါ၊
ကိုယ့်ပိုင်နက် ခံ့ထည်စွာ
အချုပ်အခြာအာဏာ တည်တံ့ရေး။
ကြိုးဆွဲအရုပ်ကိုလ
အိုးမဲသုတ် ဉာဏ်ပလီတဲ့
မာန်တဖီဖီ လက်မည်းများရယ်နဲ့
လက်ပါးစေ လောက်ကောင်များကို
ဖယ်ရှားစို့လေး။

☆ တက်ညီတဲ့ လက်ညီ၊
ဘာမထီ မြန်မာများက
အားမာန်လွှင့်ချီ၊
နိုးကြားအတွေးရယ်နဲ့
အမျိုးသားရေး ဦးတည်
ပြည်ထောင်စု ကောင်းကျိုး။
အဖျက်သမားတွေရဲ့
အဖျက်စကား နားမယောင်ဘဲ
တို့ညီနောင် မောင်နှမများရယ်က
ကျရာဝန် မရပ်မနားရယ်နဲ့
အားစိုက်သယ်ပိုး။ ။

**ရေနံ့သာမောင်ကျော်ညွန့်**

## စစ်ကိုင်းပညာရေးတက္ကသိုလ်တွင် (၇၆) နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ် ဟောပြောပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

**နေပြည်တော် ဇူလိုင် ၁၈**

ဇူလိုင် ၁၉ ရက်တွင် ကျရောက်မည့် (၇၆) နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် ဟောပြောပွဲနှင့် ဆုချီးမြှင့်ပွဲကို ယနေ့မွန်းလွဲ ၂ နာရီက စစ်ကိုင်းပညာရေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

ဟောပြောပွဲသို့ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်(သင်တန်း)၊ ပါမောက္ခ (ဌာနမှူး) များ၊ စီမံအရာရှိများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဟောပြောပွဲတွင် စစ်ကိုင်းပညာရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာမြတ်မြတ်သော်က "အာဇာနည်နေ့ဒို့မမေ့" ဆိုသည့်အတိုင်း လက်ရုံးရည်၊ နှလုံးရည် ပြည့်ဝစွာဖြင့် တာဝန်ထမ်းဆောင်ခဲ့ကြသော အာဇာနည်သူရဲကောင်းများ၏သမိုင်းနှင့် လေ့လာမှတ်သားသင့်သည့် အကြောင်းများကို ပြောကြားသည်။

ဆက်လက်၍ မြန်မာစာဌာနမှ ပါမောက္ခ (ဌာနမှူး) ဒေါက်တာမောင်မောင်ဆွေက "အာဇာနည်စိတ်ထား လူ့စွမ်းအား" ခေါင်းစဉ်ဖြင့် လည်းကောင်း၊ သမိုင်းဌာနမှ ပါမောက္ခ(ဌာနမှူး) ဒေါက်တာမြင့်ထွန်းဦးက "အာဇာနည်တို့၏ ဘဝနှင့် အနာဂတ်မျှော်မှန်းချက်" ခေါင်းစဉ်ဖြင့် လည်းကောင်း အသိပညာပေး ဟောပြောကြသည်။ **(အောက်ပုံ)**

ထို့နောက် ပါမောက္ခချုပ်က (၇၆) နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ် ဟောပြောပွဲတွင် ဟောပြောပေးသူ ပါမောက္ခ နှစ်ဦးကို ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ချီးမြှင့်ငွေများ ပေးအပ်သည်။

ယင်းနောက် ပါမောက္ခချုပ်နှင့် တာဝန်ရှိသူများက စစ်ကိုင်းပညာရေး တက္ကသိုလ်တွင် အာဇာနည်နေ့အထိမ်းအမှတ် စာစီစာကုံး၊ ကဗျာနှင့် ဆောင်းပါးပြိုင်ပွဲများ၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲများတွင် ဆုရရှိကြသည့် ကျောင်းသား ကျောင်းသူများကို ဆုများ ပေးအပ်ချီးမြှင့်ကြသည်။ **သတင်းစဉ်**



## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် ဇူလိုင် ၁၈

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မိုးပိုလာနိုင်သည်။ **မိုး/ဇလ**

❖ *ကျောဖုံးမှ*

စစ်သံမှူးများ၊ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသည့်ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့် အဖွဲ့ဝင်များသည် အဆိုပါအခမ်းအနားကျင်းပသည့်နေရာသို့ ရောက်ရှိကြရာ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်စစ်သံမှူးနှင့် သံရုံးမိသားစုဝင်များက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် မြန်မာနိုင်ငံတော်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတော် နိုင်ငံတော်သီချင်းတို့ဖြင့် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်တည်ထောင်သည့် (၉၆) နှစ်မြောက် အခမ်းအနားကို ဖွင့်လှစ်သည်။ ယင်းနောက် မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံစစ်သံမှူး Senior Colonel Wang Wei က ကြိုဆိုနှုတ်ခွန်းဆက် စကားပြောကြားသည်။

**အထိမ်းအမှတ်ကိတ်မုန့်ကို လှီးဖြတ်**

ဆက်လက်၍ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့်ဇနီး၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီးနှင့်ဇနီး၊ စစ်သံမှူးနှင့်ဇနီးတို့က အထိမ်းအမှတ်ကိတ်မုန့်ကို လှီးဖြတ်ကြပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီးနှင့် စစ်သံမှူးတို့က တက်ရောက်လာကြသူများကို တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာကို အတူတကွသုံးဆောင်ကြပြီး အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



## ဒေသတွင်း စိုက်ပျိုး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့်အောင်မြင်အောင်ဆောင်ရွက်နိုင်ရေး စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇူလိုင် ၁၈**

ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကြောင့် ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ဆောင်ရွက်နေချိန်တွင် ဒေသတွင်းစားရေရိက္ခာဖူလုံရေးနှင့် ပြည်သူများ၏ စားသောက်ရေးကို အထောက်အကူဖြစ်စေရန်အတွက် တိုင်းစစ်ဌာနချုပ်များ၊ တပ်ရင်း၊ တပ်ဖွဲ့များ၌ စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

ထို့သို့ ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး အောင်အောင်၊ အရှေ့ပိုင်း တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် ဝင်းဇော်မိုးနှင့် တာဝန်ရှိသူများက တိုင်းစစ်ဌာနချုပ်၏ နန်းသီတာဘက်စုံ စိုက်ပျိုး/မွေးမြူရေးစခန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး**(အပေါ်ပုံ)** တာဝန်ရှိသူများနှင့် တွေ့ဆုံကာ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့်အောင်မြင်အောင်ဆောင်ရွက်နိုင်ရေးလိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိ သည်။

**သတင်းစဉ်**

## တောင်ငူမြို့ရှိတပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများကို သွားရောက်ကြည့်ရှုအားပေး

**နေပြည်တော် ဇူလိုင် ၁၈**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက် ဆေးကုသမှုခံယူနေသော အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် ဒေသခံပြည်သူများကို ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ထိန်ဝင်းနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှု၊ ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများ ပေးအပ်သည်။ **(အောက်ပုံ)**

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက ဆေးရုံအတွင်း လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



## အရှေ့တောင်တိုင်းစစ်ဌာနချုပ်၏ တိုင်းမှူးဒိုင်း (အမျိုးသား/အမျိုးသမီး) ဘော်လီဘော ပြိုင်ပွဲ ဖွင့်ပွဲကျင်းပ



**နေပြည်တော် ဇူလိုင် ၁၈**

အရှေ့တောင်တိုင်းစစ်ဌာနချုပ်၏ ၂၀၂၃ ခုနှစ် တိုင်းမှူးဒိုင်း(အမျိုးသား/ အမျိုးသမီး) ဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့ညနေပိုင်းတွင် မော်လမြိုင်မြို့ ပြည်နယ်အားကစားခန်းမ၌ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ တိုင်းမှူး ဗိုလ်မှူးချုပ် စိုးမင်းနှင့် တာဝန်ရှိသူများ၊ ပြည်နယ်ဝန်ကြီးများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင် အားကစားသမားများ၊ အားကစားဝါသနာရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများသည် ပထမနေ့ပွဲစဉ်များ ယှဉ်ပြိုင်ကစားမှုကို ကြည့်ရှုအားပေးသည်။ **(ဝဲပုံ)**

အဆိုပါ ဘော်လီဘောပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက် တပ်နယ်၊ တပ်ရင်း၊ တပ်ဖွဲ့များမှ ပြိုင်ပွဲဝင် (အမျိုးသား) အသင်း ၁၇ သင်းနှင့် (အမျိုးသမီး) အသင်း ၁၂ သင်းဖြင့် ဇူလိုင် ၃၁ ရက်အထိ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

*စီးပွားရေးသတင်း*

# ချင်းရွှေဟော်ကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှုအခြေအနေ

ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းအနေဖြင့် ၂၀၂၃ ခုနှစ် ဇူလိုင် ၈ ရက်မှ ၁၄ ရက်အထိ လုပ်ငန်းဆောင်ရွက်မှုမှာ ပို့ကုန် ၈ ဒသမ ၀၃၆ ဒေါ်လာသန်းနှင့် သွင်းကုန် ၁၉ ဒသမ ၅၅၁ ဒေါ်လာသန်း၊ ကုန်သွယ်မှုပမာဏအနေဖြင့် ၂၇ ဒသမ ၅၈၇ ဒေါ်လာသန်း ဆောင်ရွက်နိုင်ခဲ့ပြီး ယာဉ်အစီးရေအနေဖြင့် ပို့ကုန်အစီး ၅၇၀၊ သွင်းကုန် ၁၆၃၈ စီး ဆောင်ရွက်နိုင်ခဲ့သည်။

တင်ပို့သည့် ပို့ကုန်အမယ်များအနက် ဆန်ကွဲ၊ ပဲလွမ်းဖြူ၊ ပဲတီစိမ်း၊ ထောပတ်ပဲ၊ စွန်တာနီ၊ မြေထောက်ပဲ၊ ပဲယဉ်း၊ နိုင်လွန်ပဲ၊ မြေပဲဆန်၊ ပဲနီကြား၊ ငြုပ်ကောင်းဆီ၊ လက်ဖက်ခြောက်၊ ရော်ဘာကြမ်း၊ ရော်ဘာ၊ ကြက်သွန်နီနှင့် CMP တင်ပို့မှုပိုမိုခဲ့ပြီး သွင်းကုန်ပိုင်းတွင် ရင်းနှီးမြှုပ်နှံမှုအုပ်စု၊ လုပ်ငန်းသုံးပစ္စည်းအုပ်စုနှင့် လူသုံးကုန်ပစ္စည်းအုပ်စုတို့ ပိုမိုခဲ့သောကြောင့် ကုန်သွယ်မှုပိုမိုခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လယ်ယာထွက်ကုန်များ၏ တစ်တန်ဈေးနှုန်းမှာ ဆန် ၃၂၀၀ ယွမ်နှုန်း၊ ဆန်ကွဲ ၃၁၀၀ ယွမ်နှုန်း၊ ပဲတီစိမ်း ၅၉၀၀ ယွမ်နှုန်း ၊ မြေထောက်ပဲ ၈၀၀၀ ယွမ်နှုန်း၊ ပဲလွမ်းဖြူ ၄၇၀၀ ယွမ်နှုန်း၊ ပြောင်း ၂၃၀၀ ယွမ်နှုန်း ၊ နှမ်း ၁၂၀၀၀ ယွမ်နှုန်း ၊ ရော်ဘာ ၈၀၀၀ ယွမ်နှုန်း၊ ငရုတ်အစို ၅၀၀၀ ယွမ်နှုန်း၊ ငရုတ်ခြောက် ၉၀၀၀ ယွမ်နှုန်းရှိကြောင်း သိရသည်။

သွင်းကုန်အမယ်များအနက် ရင်းနှီးမြှုပ်နှံမှုပစ္စည်းများအုပ်စုမှ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးနှင့် တပ်ဆင်ရေးပစ္စည်းများ၊ အခြားပစ္စည်းများ၊ မော်တော်ယာဉ်နှင့် မော်တော်ယာဉ်ပစ္စည်းများ၊ လယ်ထွန်စက်များ၊ လယ်ယာသုံးနောက်တွဲယာဉ်နှင့် အပိုပစ္စည်းများ၊ တယ်လီဖုန်းနှင့် ဆက်သွယ်ရေးပစ္စည်းများ၊ လေအေးစက်များ၊ စက်နှင့် စက်ပစ္စည်း၊ သံနှင့်သံမဏိများ၊ ဆောက်လုပ်ရေးသုံးပစ္စည်းများ ပိုမိုတင်သွင်းခဲ့သည်။

လုပ်ငန်းသုံးကုန်ကြမ်းအုပ်စုတွင် ဓာတ်မြေဩဇာ၊ ဓာတုဗေဒပစ္စည်းများ၊ ဓာတ်ဆေးဆိုးဆေးများ၊ ဓာတ်မြေဩဇာများ၊ ပလတ်စတစ်ကုန်ကြမ်းပစ္စည်းများ၊ သားရေ၊ သားရေတုပြုပြင်ပြုလုပ်သော ပစ္စည်းများ၊ ကုန်ထုတ်စက္ကူများ ပိုမိုတင်သွင်းခဲ့သည်။

လူသုံးကုန်ပစ္စည်းအုပ်စုတွင် ယခင်တစ်ပတ်ထက် အချိုမှုန့်များ၊ ချည်ထည်များ၊ အပ်ချည်ကြိုးများ၊ ဇာ၊ ဇာနှင့်ထိုးထားသော အထည်အလိပ်များ ယခင်တစ်ပတ်ထက် ပိုမိုတင်သွင်းခဲ့သည်။

ယခုတစ်ပတ်တွင် အများဆုံးပို့ကုန် ၁၀ မျိုးမှာ ပဲတီစိမ်း ၃၄၄၅ ဒသမ ၈၁ တန်၊ ပဲယဉ်း ၂၀၈၉ ဒသမ ၇၅ တန်၊ ရော်ဘာ ၉၈၅ ဒသမ ၇၅ တန်၊ မြေထောက်ပဲ ၈၄၉ ဒသမ ၈၈၁ တန်၊ ဆန်ကွဲ ၆၉၉ ဒသမ ၂၅ တန်၊ ရော်ဘာကြမ်း ၃၂၆ ဒသမ ၂၅ တန်၊ ပဲလွန်းဖြူ ၃၃၉ ဒသမ ၅ တန်၊ ထောပတ်ပဲ ၁၃၆ တန်၊ မြေပဲဆံ ၆၈ တန်နှင့် စွန်တာနီပဲ ၁၅၃ တန်ဖြစ်သည်။

ယခုတစ်ပတ်တွင် အများဆုံးသွင်းကုန် ၁၀ မျိုးမှာ သံနှင့်သံမဏိ၊ ဆောက်လုပ်ရေးပစ္စည်း ၆ ဒသမ ၂၄၁ ဒေါ်လာသန်း၊ ချည်ထည်များ ၄ ဒသမ ၀၇၈ ဒေါ်လာသန်း၊ ဓာတ်မြေဩဇာများ ၂ ဒသမ ၆၅၂ ဒေါ်လာသန်း၊ အထည်အလိပ်များ ၁ ဒသမ ၂၀၃ ဒေါ်လာသန်း၊ သံနှင့်သံမဏိပစ္စည်းများ ၁ ဒသမ ၁၅၅ ဒေါ်လာသန်း၊ လုပ်ငန်းသုံးအခြားပစ္စည်း ၀ ဒသမ ၈၁၇ ဒေါ်လာသန်း၊ စက်နှင့်စက်ပစ္စည်းများ ၀ ဒသမ ၇၀၃ ဒေါ်လာသန်း၊ လူသုံးကုန်အခြားပစ္စည်းများ ၀ ဒသမ ၅၃၄ ဒေါ်လာသန်း၊ ပလတ်စတစ်ကုန်ကြမ်းပစ္စည်းများ ၀ ဒသမ ၄၀၇ ဒေါ်လာသန်းနှင့် လေအေးပေးစက်များ ၀ ဒသမ ၃၄၃ ဒေါ်လာသန်းဖြစ်သည်။

**DOT (Chinshwehaw)**

သတင်းအရင်းအမြစ် – စီးပွား/ကူးသန်း

# နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိ

**ရန်ကုန် ဇူလိုင် ၁၈**

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ဦးဆောင်သော မြန်မာကိုယ်စားလှယ် အဖွဲ့သည် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ကျင်းပသည့် (၁၂) ကြိမ်မြောက် မဲခေါင်-ဂင်္ဂါ ပူးပေါင်းဆောင်ရွက်မှု နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးနှင့် ဘင်းမ်စတက်နိုင်ငံခြားရေးဝန်ကြီးများ၏ သီးသန့်အစည်းအဝေးများသို့ တက်ရောက်ခဲ့ပြီး ယနေ့ ညပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့ကို နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုခဲ့ကြကြောင်းသတင်းရရှိသည်။ (ယာပုံ)

သတင်းစဉ်



# ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပညာသင်စရိတ်ထောက်ပံ့ခြင်းနှင့် တက္ကသိုလ်ဝင်တန်းအောင် ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများနှင့် သင်တန်းထူးချွန်ဝန်ထမ်းများအား ဆုချီးမြှင့်

**နေပြည်တော် ဇူလိုင် ၁၈**

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ပညာသင်စရိတ်ထောက်ပံ့ခြင်း၊ ၂၀၂၂-၂၀၂၃ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းအောင် ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများနှင့် သင်တန်းထူးချွန်ဝန်ထမ်းများအား ဆုချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန၌ ကျင်းပသည်။

အခမ်းအနားသို့ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်သော်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တက္ကသိုလ်ဝင်တန်းအောင်ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများနှင့် သင်တန်းထူးချွန် ဝန်ထမ်းများ၊ ကျောင်းသား မိဘများ တက်ရောက်ကြသည်။

**အစဉ်တစိုက် ကြိုးစားသင်ယူ**

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ဝန်ကြီးဌာန၏ မိသားစုဝင်များမှ ထူးချွန်ထက်မြက်သည့် ပညာတတ်အနာဂတ်မျိုးဆက်သစ်များ ပေါ်ထွက်လာစေရန် ပညာသင်နှစ်အလိုက် ပညာသင်ကြားနေကြသည့် ကျောင်းသား ကျောင်းသူများအတွက် ပညာသင်ထောက်ပံ့ကြေးနှင့် ပညာသင်နှစ်အလိုက် ထူးချွန်စွာအောင်မြင်ခဲ့ကြသူများအတွက် ဘာသာရပ်အလိုက်ဂုဏ်ပြုဆုများကို ချီးမြှင့်ပေးလျက်ရှိကြောင်း၊ ကျောင်းသား ကျောင်းသူများအနေဖြင့်လည်း နောင်တစ်ချိန်တွင် နိုင်ငံတော်ကိုအကျိုးပြုသည့် မျိုးဆက်သစ်လူငယ်များဖြစ်လာအောင် ကြိုးစားကြရမည်ဖြစ်ကြောင်း၊ ပြောင်းလဲလာသည့်ခေတ်စနစ်နှင့်အညီ လိုက်ပါသင်ယူနိုင်ရန် အစဉ်တစိုက် ကြိုးစားသင်ယူသွားကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ၂၀၂၃-၂၀၂၄ ပညာသင်နှစ်အတွက် ပညာသင်ထောက်ပံ့စရိတ်များကိုတာဝန်ရှိသူများထံ ပေးအပ်ပြီး ၂၀၂၂-၂၀၂၃ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သူများကို ဂုဏ်ပြုလက်ဆောင်နှင့်ဆုငွေများ ပေးအပ်ချီးမြှင့်သည်။




**ဆုငွေများပေးအပ်ချီးမြှင့်**

ဆက်လက်၍ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ်က ၂၀၂၂-၂၀၂၃ တက္ကသိုလ်ဝင်စာမေးပွဲတွင် အောင်မြင်ခဲ့သော ကျောင်းသား ကျောင်းသူများကို ဂုဏ်ပြုလက်မှတ်နှင့် ဆုငွေများကိုလည်းကောင်း၊ ဒုတိယအမြဲတမ်းအတွင်းဝန်က ၂၀၂၂-၂၀၂၃ ဗဟို ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) တွင် ဖွင့်လှစ်သည့်သင်တန်းများတွင် ထူးချွန်ဆုရရှိသူများကို ဂုဏ်ပြုလက်မှတ်နှင့် ဆုငွေများကိုလည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်၊ ဒီဇင်ဘာအိမ်ရာ၊ ချယ်ရီ(၁)လမ်း၊ အခန်းအမှတ် (၃၀၂)၊ တိုက်အမှတ် (၁၁၉) တွင် ပါတီရုံးချုပ်တည်ရှိသော **အမျိုးသားနိုင်ငံရေးအားမာန်သစ်ပါတီက** နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၅ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုရန် ၁၇-၇-၂၀၂၃ ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့ လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့်တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့်ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ ၇ ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်နိုင်ပါကြောင်း၊ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၄ (ဃ) အရ အများသိစေရန် ကြေညာအပ်ပါသည်။

**အမျိုးသားနိုင်ငံရေးအားမာန်သစ်ပါတီ၏ အလံပုံစံ**



**အမျိုးသားနိုင်ငံရေးအားမာန်သစ်ပါတီ၏ တံဆိပ်ပုံစံ**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်၌ ဒုတိယအကြိမ် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုး

**ဟိုပုံး ဇူလိုင် ၁၈**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်၌ သစ်တောမှီခိုနေထိုင်သူများ၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်စေရေးအတွက် သစ်တောထိန်းသိမ်းခြင်းနှင့် ဒေသခံပြည်သူအခြေပြု စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးမှုဆိုင်ရာ စံပြသစ်တောတည်ထောင်ခြင်း စီမံကိန်းအစီအစဉ်ဖြင့် ဆောင်ရွက်သည့် ၂၀၂၃ ခုနှစ် မိုးရာသီစုပေါင်း သစ်ပင်စိုက်ပျိုးပွဲကို ယမန်နေ့က ဟဲလုံကျေးရွာအုပ်စု ဂေါ်ရခါးရေထွက်အနီး၌ ပြုလုပ်သည်။



သစ်ပင်စိုက်ပျိုးပွဲတွင် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ရဲထွေးက မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ထွန်းကိုလည်းကောင်း၊ တပ်မတော်ကွန်ပျူတာနှင့် နည်းပညာသိပ္ပံကျောင်း ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ် သိန်းနိုင်က (PNO) အသွင်ပြောင်းပြည်သူ့စစ်ဌာနေအဖွဲ့ကို လည်းကောင်း၊ သစ်တောဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ သောင်းနိုင်ဦးက လွယ်တန့်ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တောအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်မြင့်ကို လည်းကောင်း စိုက်ပျိုးမည့် ပျိုးပင်များကို ပေးအပ်သည်။ ထို့နောက် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဒေသ/မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများက စုပေါင်းသစ်ပင်စိုက်ပျိုးခဲ့ကြပြီး စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးသည်။ **(အပေါ်ပုံ)**

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲတွင် စုစုပေါင်း အပင် ၄၀၀ စိုက်ပျိုးခဲ့ကြောင်း သိရသည်။

**ပအိုဝ်းဒေသ(ပြန်/ဆက်)**

# ကော့မှူးမြို့နယ်၌ ဖလင်းချောင်းသဘာဝရေပြင်အတွင်း ငါးကောင်ရေ ၁၀ သိန်းမျိုးစိုက်ထည့်

**နေပြည်တော် ဇူလိုင် ၁၈**

ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် သဘာဝမြစ်ချောင်းများအတွင်း ငါးသယံဇာတရေရှည်တည်တံ့စေရေး၊ ငါးရိက္ခာများပိုမိုရရှိစားသုံးနိုင်ရေးနှင့် ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရေးတို့အတွက် ငါးမျိုးများ စိုက်ထည့်ပေးလျက်ရှိရာ ကော့မှူးမြို့နယ် မြို့မရပ်ကွက် ဖလင်းချောင်းသဘာဝရေပြင်အတွင်းသို့ ဇူလိုင် ၁၇ ရက် နံနက် ၉ နာရီက ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနဒုတိယတိုင်းဦးစီးဌာနမှူး ဦးတင့်လွင်၊ တွံတေးခရိုင် ဦးစီးဌာနမှူး ဦးတင်မောင်ထွဋ်၊ မြို့နယ်စီမံခန့်ခွဲရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဒေဝ၊ အဖွဲ့ဝင်(၁)ဗိုလ်မှူးထွန်းဇော်မင်း၊ မြို့နယ်ရဲမှူး၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်ငါးမျိုးစိုက်ထည့်ရေးကော်မတီအဖွဲ့ဝင်များ၊ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး ဒေါ်လဲ့မွန်တင့်နှင့် ဝန်ထမ်းများ၊ လှော်ကားငါးလုပ်ငန်းစခန်းနှင့် လေးထောင့်ကန်ငါးလုပ်ငန်းစခန်းတို့မှ စခန်းတာဝန်ခံနှင့် စခန်းဝန်ထမ်းများက စုစုပေါင်းငါးသားပေါက်ကောင်ရေ ၁၀ သိန်းအား မျိုးစိုက်ထည့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၌ သံစုံတီးဝိုင်းလေ့ကျင့်မှု၊ Personal Grooming သင်တန်းဖွင့်လှစ်မှုနှင့် "ဟာသမြို့တော် ရယ်စရာစင်တင်ဟာသ တစ်ခန်းရပ်ပြဇာတ်" ရိုက်ကူးမှုများ ကြည့်ရှုအားပေး

**ရန်ကုန် ဇူလိုင် ၁၈**

ပြန်ကြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ယနေ့ မွန်းလွဲပိုင်းတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား(ရန်ကုန်)၌ သံစုံတီးဝိုင်း၏ နိုင်ငံတကာတေးသီချင်းများ လေ့ကျင့်တီးခတ်သီဆိုမှု၊ တစ်ဦးချင်း ကိုယ်ရည်ကိုယ်သွေးမြှင့်တင်ရေးသင်တန်း (Personal Grooming Course) သင်ကြားနေမှုနှင့် လူရွှင်တော်စတား ကောင်းထက် စီစဉ်သည့် "ဟာသမြို့တော် ရယ်စရာစင်တင်ဟာသ တစ်ခန်းရပ်ပြဇာတ်" ရိုက်ကူးနေမှုတို့ကို ကြည့်ရှုအားပေးပြီး ဝန်ထမ်းများအား ထောက်ပံ့ငွေများ ပေးအပ်ချီးမြှင့်သည်။

ရှေးဦးစွာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား(ရန်ကုန်) Studio (B)၌ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်က သံစုံတီးဝိုင်း စုဖွဲ့ပြင်ဆင်လေ့ကျင့်နေမှုနှင့် ပြည်ထောင်စုဝန်ကြီး၏ လမ်းညွှန်မှာကြားချက်များအပေါ် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် သံစုံတီးဝိုင်း တာဝန်ခံက နိုင်ငံတကာတေး သီချင်းများ လေ့ကျင့်ပြင်ဆင်ထားရှိမှုနှင့် ဆက်လက်လုပ်ဆောင်မည့် အစီအစဉ်ကို တင်ပြပြီး သံစုံတီးဝိုင်းက National Anthem နှင့် ASEAN Anthem တို့ကို တီးခတ်တင်ဆက်ကာ ဝန်ထမ်း အဆိုရှင်များက နိုင်ငံတကာတေးသီချင်းများဖြစ်သည့် အင်္ဂလိပ်၊ တရုတ်၊ ရုရှားသီချင်းနှင့် မြန်မာတေးသီချင်းတို့ဖြင့် တီးမှုတ်သီဆို သရုပ်ပြသကြရာ **(အောက်ပုံ)** ပြည်ထောင်စုဝန်ကြီးက တီးဝိုင်းအဖွဲ့၏ဝတ်စုံကိစ္စ၊ သံစုံတီးဝိုင်းအဖွဲ့အား စင်တင်ပေးရန် တူရိယာများ ပိုမိုညီညာကောင်းမွန်အောင် လေ့ကျင့်သွားရန်၊ တေးသီချင်းများ တီးမှုတ်ရာတွင် အသက်ဝင်အောင် ခံစားချက်ထည့်ရန်၊ နိုင်ငံတကာတေးသီချင်းများအကြောင်းကို မသိဆို၊ မတီးမှုတ်မီ မိတ်ဆက်ရှင်းပြခြင်းအစီအစဉ်ထည့်သွင်းရန် မှာကြားသည်။






ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့်အဖွဲ့ဝင်များ "ဟာသမြို့တော်ရယ်စရာစင်တင်ဟာသ တစ်ခန်းရပ်ပြဇာတ်" ရိုက်ကူးနေမှုကို ကြည့်ရှုအားပေးစဉ်။

ယင်းနောက် သံစုံတီးဝိုင်းအဖွဲ့ခေါင်းဆောင်နှင့် ဝန်ထမ်းများအတွက် ပြည်ထောင်စုဝန်ကြီးက ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ပြီး တီးဝိုင်းအဖွဲ့အား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။



ဆက်လက်ပြီး မြန်မာ့အသံနှင့် ရုပ်မြင်သံကြား သင်တန်းခန်းမတွင် ဖွင့်လှစ်သင်ကြားနေသည့် တစ်ဦးချင်း ကိုယ်ရည်ကိုယ်သွေး မြှင့်တင်ရေးသင်တန်း (Personal Grooming Course) သင်ကြားနေမှုကို ကြည့်ရှုအားပေးရာ သင်တန်းနည်းပြ Mr.Crisminth က သင်တန်းဆိုင်ရာများ ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက သင်တန်းသား သင်တန်းသူများကို အားပေးစကားပြောကြားပြီး သင်တန်းနည်းပြအား အမှတ်တရလက်ဆောင်ပေးအပ်ကာ သင်တန်းသားများအတွက် ထောက်ပံ့ငွေများ ပေးအပ်သည်။

အဆိုပါသင်တန်းကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏သတင်းတင်ဆက်သူများ၊ အခမ်းအနားမှူးများ၊ အစီအစဉ်တင်ဆက်သူများအား တစ်ဦးချင်းကိုယ်ရည်ကိုယ်သွေးမြှင့်တင်နိုင်ရန် ကိုယ်နေဟန်ပန်၊ အမူအရာ၊ တင်ဆက်ပုံများ ပိုမိုကောင်းမွန်စေရန် ရည်ရွယ်၍ ယနေ့မှ ဇူလိုင် ၂၆ ရက်အထိ ဖွင့်လှစ်သင်ကြားနေခြင်းဖြစ်ပြီး သင်တန်းသား သင်တန်းသူ ၃၀ တက်ရောက်လျက်ရှိကြောင်း သိရသည်။

ယင်းနောက် Studio (A)သို့ ရောက်ရှိပြီး လူရွှင်တော်စတား ကောင်းထက်စီစဉ်သည့် "ဟာသမြို့တော်ရယ်စရာစင်တင် ဟာသ တစ်ခန်းရပ်ပြဇာတ်" ရိုက်ကူးနေမှုကို ကြည့်ရှုအားပေးသည်။

ဆက်လက်ပြီး ပြည်ထောင်စုဝန်ကြီးက အဆိုပါအစီအစဉ်တွင် ပါဝင်ရိုက်ကူးနေသည့် လူရွှင်တော်စတား ကောင်းထက်နှင့် ဟာသသရုပ်ဆောင်များအား အမှတ်တရလက်ဆောင်များ ပေးအပ်သည်။

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားက ပြည်သူများ အပန်းပြေစေရန်၊ ပျော်ရွှင်စေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်စေရန် ဖျော်ဖြေရေး အစီအစဉ်များကို တိုးမြှင့် တင်ဆက်လျက်ရှိပြီး အပတ်စဉ် သောကြာနေ့တိုင်းတွင် Friday Night Live Show တေးဂီတဖျော်ဖြေပွဲများ၊ အပတ်စဉ် စနေနေ့တိုင်းတွင် ဟာသလူရွှင်တော်အဖွဲ့များနှင့် ပူးပေါင်း၍ "ဟာသမြို့တော် ရယ်စရာစင်တင် ဟာသတစ်ခန်းရပ်ပြဇာတ်" အစီအစဉ်ကို ရိုက်ကူးတင်ဆက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# GENDER/ CEDAW/ NSPAW/ UNSCR 1325 အသိပညာပေး သင်တန်းဖွင့်

**နေပြည်တော် ဇူလိုင် ၁၈**

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သည့် GENDER/ CEDAW/ NSPAW/ UNSCR 1325 အသိပညာပေး သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်အားကစားလေ့ကျင့်ရေးစခန်း (Gold Camp)ရှိ Multipurpose Hall ၌ ကျင်းပသည်။**(ယာပုံ)**



အခမ်းအနားတွင် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက လူငယ်ရေးရာဦးစီးဌာနအနေဖြင့် လူငယ်များဘဝဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ရာတွင် လူငယ်ရေးရာမူဝါဒများနှင့်အညီ ဆောင်ရွက်လျက်ရှိပြီး မူဝါဒတွင်ပါရှိသည့် ငြိမ်းချမ်းရေးနှင့်ဘဝလုံခြုံရေးကဏ္ဍ၊ ကျား/မ ညီမျှမှုကဏ္ဍနှင့် ဆုံးဖြတ်ချက်ချရမည့်အခန်းကဏ္ဍများ၌ အမျိုးသမီးများ၏ ခေါင်းဆောင်မှုနှင့် ရပိုင်ခွင့်များကို တန်းတူအခွင့်အရေးပေးရန်၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုနှင့် မျှတသောဖွံ့ဖြိုးတိုးတက်မှုများအတွက် အမျိုးသားနှင့် အမျိုးသမီးများအကြား ထိရောက်စွာမိတ်ဖက်ပြုဆောင်ရွက်သော အလေ့အထကို တိုးမြှင့်ခြင်းဖြင့် နှစ်ဦးနှစ်ဖက်အကျိုးရှိကြောင်း သိရှိလာစေရန်အတွက် လူငယ်မူဝါဒတွင် အမျိုးသမီးကဏ္ဍများကို ထည့်သွင်းရေးဆွဲပြီး အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် အမျိုးသမီးများနှင့် အမျိုးသမီးငယ်များအတွက် ကဏ္ဍစုံမှဖွံ့ဖြိုးတိုးတက်မှုဖော်ဆောင်ရေးကို ဆောင်ရွက်နေကြပြီဖြစ်ပြီး အမျိုးသမီး၊ အမျိုးသားအားလုံး တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်ကာ နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများတွင် အမျိုးသမီးထုကြီး၏အင်အားဖြင့် အကောင်အထည်ဖော်ကြရန်လိုကြောင်း ပြောကြားသည်။

လူငယ်မူဝါဒများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဝန်ထမ်းများအနေဖြင့် အမျိုးသမီးများ၏ အခန်းကဏ္ဍများကို ပိုမိုသိရှိနားလည်စေရန်၊ လူငယ်မူဝါဒ၏ကဏ္ဍတစ်ခုဖြစ်သည့် ကျား/မ တန်းတူညီမျှမှုရရှိစေရေး အမျိုးသမီးငယ်များအားလုံး စွမ်းပကားတိုးမြှင့်စေရေးတို့ကို ဆောင်ရွက်ရာတွင် အထောက်အကူပြုစေရန် ရည်ရွယ်၍ ယခုသင်တန်းကို ဖွင့်လှစ်ခြင်းဖြစ်ကြောင်းနှင့် အဆိုပါသင်တန်းသို့ လူငယ်ရေးရာဦးစီးဌာနမှ သင်တန်းသား သင်တန်းသူ ၃၀ တက်ရောက်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## လက်ပံတန်းမြို့၌ အာဇာနည်နေ့အထိမ်းအမှတ် စာစီစာကုံး၊ ကဗျာ၊ ဆောင်းပါးပြိုင်ပွဲ ဆုချီးမြှင့်

**လက်ပံတန်း ဇူလိုင် ၁၈**

လက်ပံတန်းမြို့နယ်၌ (၇၆)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် ဟောပြောပွဲနှင့်ဆုချီးမြှင့်ပွဲကို ယမန်နေ့ နံနက်ပိုင်းက အ.ထ.က (၃)ကျောင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ပညာရေးမှူး ဆရာမကြီး ဒေါ်ဥမ္မာဦးက အမှာစကားပြောကြားပြီး ကျောင်းအုပ်ဆရာမကြီး ဒေါ်ဥမ္မာဝင်းက အာဇာနည်နေ့အကြောင်းအရာများကို အသိပညာပေးဟောပြောသည်။

ဆက်လက်၍ (၇၆)နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ် အထက်တန်းနှင့် အလယ်တန်းအဆင့် စာစီစာကုံး၊ ကဗျာနှင့် ဆောင်းပါးပြိုင်ပွဲတို့တွင် မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်း ၂၀၇ ကျောင်းမှ ပါဝင်ယှဉ်ပြိုင်ပြီး ဆုရရှိသည့်ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဆုများပေးအပ်သည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဗိုလ်ချုပ်အောင်ဆန်း၏ သမိုင်းဝင်ရှားပါးမှတ်တမ်းဓာတ်ပုံများနှင့် မိန့်ခွန်းကောက်နုတ်ချက်များ၊ အာဇာနည်ခေါင်းဆောင်ကြီးကိုးဦး၏ အတ္ထုပ္ပတ္တိနှင့် သမိုင်းအကြောင်းအရာများ ပါဝင်သည့် နံရံကပ်စာစောင်များကို ပြသရာ ကျောင်းသား ကျောင်းသူများ စိတ်ပါဝင်စားစွာ ကြည့်ရှုခဲ့ကြောင်း သိရသည်။ **မြို့နယ် (ပြန်/ဆက်)**

# အမျိုးသားအဆင့် ဘူမိဥယျာဉ်ဆိုင်ရာကော်မတီ (၁/၂၀၂၃) အစည်းအဝေးကျင်းပ

**နေပြည်တော် ဇူလိုင် ၁၈**

အမျိုးသားအဆင့် ဘူမိဥယျာဉ်ဆိုင်ရာကော်မတီ (၁/၂၀၂၃) အစည်းအဝေးကို ယနေ့ နံနက်ပိုင်းက သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံး၌ ကျင်းပသည်။ **(ယာပုံ)**



အစည်းအဝေးသို့ အမျိုးသားအဆင့် ဘူမိဥယျာဉ်ဆိုင်ရာကော်မတီဥက္ကဋ္ဌ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ ကော်မတီအဖွဲ့ဝင် ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် အမျိုးသားအဆင့် ဘူမိဥယျာဉ်ဆိုင်ရာကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံသည် ယဉ်ကျေးမှုနှင့် သဘာဝအမွေအနှစ်များကြွယ်ဝသည့် နိုင်ငံတစ်နိုင်ငံဖြစ်ပြီး သဘာဝသယံဇာတများ ရေရှည်တည်တံ့စေရန် ထိန်းသိမ်းကာကွယ်ခြင်း၊ စီမံအုပ်ချုပ်ခြင်းနှင့် စနစ်တကျအသုံးပြုခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတကာနှင့် ဒေသအဆင့် အသိအမှတ်ပြု ထိန်းသိမ်းရေးနယ်မြေများအဖြစ် အာဆီယံအမွေအနှစ် ဥယျာဉ်ရှစ်ခု၊ လူသားနှင့်ဇီဝအဝန်းနယ်မြေ နှစ်ခု၊ ရမ်ဆာရေဝပ်ဒေသ ခြောက်ခုနှင့် အရှေ့အာရှ ဩစတြေးလျဒေသ ငှက်ပျံသန်းရာလမ်းကြောင်း ကွန်ရက်နယ်မြေ ခြောက်ခု သတ်မှတ်ခံရပြီးဖြစ်ကြောင်း။

ကုလသမဂ္ဂပညာရေး၊ သိပ္ပံနှင့်ယဉ်ကျေးမှုအဖွဲ့ - UNESCO သည် ကမ္ဘာ့ဘူမိဥယျာဉ်အစီအစဉ်ကို ၂၀၀၁ ခုနှစ်တွင် စတင်ခဲ့ရာ လက်ရှိနိုင်ငံပေါင်း ၄၈ နိုင်ငံတွင် ကမ္ဘာ့ဘူမိဥယျာဉ် ၁၉၅ ခု ရှိပြီဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် ကမ္ဘာ့ဘူမိဥယျာဉ်အဖြစ် သတ်မှတ်ခံရနိုင်ရေးအတွက် အလားအလာကောင်းများ ပိုင်ဆိုင်သည့်နေရာအများအပြားရှိသည့်အနက် ပုပ္ပါးတောင်ဒေသသည် ပုဂံခေတ် ရှေးဟောင်းသံချက်ဖိုများ၊ ထူးခြားရှားပါးသော ဇီဝမျိုးစုံမျိုးကွဲများနှင့် အစွယ်နှစ်ထပ်ဆင်၏ ကျောက်ဖြစ်ရုပ်ကြွင်းမေးရိုးများ ရှိကြောင်း၊ ပုပ္ပါးတောင်ဒေသကို ဘူမိဥယျာဉ်အဖြစ် သတ်မှတ်ခံရန် ဘူမိနယ်မြေ ၁၅ ခုဖြင့် ကနဦးအကောင်အထည်ဖော် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ကမ္ဘာ့အဆင့်ဘူမိဥယျာဉ်အဖြစ် အမည်စာရင်း အဆိုမပြုမီ အမျိုးသားအဆင့် ဘူမိဥယျာဉ်အဖြစ် ဦးစွာသတ်မှတ်ရမည်ဖြစ်သဖြင့် ဆက်စပ်ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများနှင့် ပေါင်းစပ်ဆောင်ရွက်လျက်ရှိကြောင်း၊ UNESCO စာရင်းတင်သွင်းရန်အတွက် သဘောသဘာဝမတူညီသည့် ဘူမိနယ်မြေအသစ်များကိုလည်း ထပ်မံကွင်းဆင်း ဖော်ထုတ်သွားရမည်ဖြစ်ကြောင်း။

ဘူမိနယ်မြေများသည် တစ်ခုနှင့်တစ်ခု ကွဲပြားခြားနားပြီး မတူညီသောစီမံခန့်ခွဲမှု အများအပြားပါဝင်သည့် သဘောသဘာဝရှိသောကြောင့် ဝန်ကြီးဌာနတစ်ခုတည်းဖြင့် ဆောင်ရွက်၍မရဘဲ ဆက်စပ်သည့်ဌာနနှင့်အဖွဲ့အစည်းများ၊ ဘာသာရပ်ဆိုင်ရာနှင့် သုတေသနဆိုင်ရာအဖွဲ့အစည်းများအပြင် ဒေသခံပြည်သူအားလုံးပူးပေါင်းဆောင်ရွက်မှသာ အမျိုးသားအဆင့် ဘူမိဥယျာဉ်တည်ထောင်ခြင်းနှင့် ကမ္ဘာ့အဆင့်ဘူမိဥယျာဉ်သတ်မှတ်ခံရရေးကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ကော်မတီအတွင်းရေးမှူးက ပုပ္ပါးတောင် အမျိုးသားဘူမိဥယျာဉ်တည်ထောင်နိုင်ရေး ဆောင်ရွက်ထားရှိမှုနှင့် မြန်မာနိုင်ငံ ဘူမိသိပ္ပံအသင်း ဒုတိယဥက္ကဋ္ဌက မြန်မာနိုင်ငံအတွင်း အလားအလာရှိသော ဘူမိနယ်မြေ၊ ဘူမိဥယျာဉ်များနှင့် ကမ္ဘာ့ဘူမိဥယျာဉ်တည်ထောင်ခြင်းဆိုင်ရာများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တက်ရောက်လာသူများက ပုပ္ပါးတောင် အမျိုးသားဘူမိဥယျာဉ်ဖြစ်မြောက်ရေး ဆောင်ရွက်နေမှုများ၊ ဘူမိနယ်မြေအသစ် ဖော်ထုတ်ထားမှုများ၊ နိုင်ငံအဆင့် ဘူမိဥယျာဉ်တည်ထောင်ရန်အတွက် အလားအလာရှိသည့် ဘူမိဥယျာဉ်များနှင့်ပတ်သက်၍ အကြံပြုဆွေးနွေးကြပြီး ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များအတွက် ဆုံးဖြတ်ချက်များ ချမှတ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ တာဝန်ရှိသူများ၊ အမျိုးသမီးများ ပြုစုစောင့်ရှောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဌာန (တွံတေး) ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇူလိုင် ၁၈**

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင် အဖွဲ့ဝင် ဦးကျော်စိုး၊ ဒေါက်တာသန်းမြင့်နှင့် ဦးတင်အောင်တို့ ဦးဆောင်သော ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်ရှိ အမျိုးသမီးများ ပြုစုစောင့်ရှောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဌာနသို့ သွားရောက် ကြည့်ရှုစစ်ဆေးကြသည်။ **(အောက်ပုံ)**

ကြည့်ရှုစစ်ဆေးရေး အဖွဲ့သည် အမျိုးသမီးများ ပြုစုစောင့်ရှောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဌာနအတွင်း လက်ခံစောင့်ရှောက်သင်ကြားပေးလျက်ရှိသော အမျိုးသမီးများ၏ ကျန်းမာရေး စောင့်ရှောက်မှု၊ အစားအစာကျွေးမွေးမှု၊ အိပ်ဆောင်များထားရှိမှု၊ အမျိုးသမီး တစ်ကိုယ်ရေသုံးပစ္စည်းများ လုံလောက်စွာရရှိမှု၊ သန့်ရှင်းသော သောက်သုံးရေရရှိအောင် ဆောင်ရွက်ပေးမှု၊ ချိုးရေကန်များ သန့်ရှင်းမှုနှင့် ရေလုံလောက်မှု ရှိမရှိ၊ အကျင့်စာရိတ္တပြုပြင်ပေးခြင်းဖြင့် စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ တိုးတက်ကောင်းမွန်လာစေရေး၊ လူမှုဘဝရပ်တည်နိုင်စေရန် စိတ်ခွန်အားများ ထည့်သွင်းပေါင်းစပ်၍ လေ့ကျင့်ပြုစု စောင့်ရှောက်ပေးခြင်းဖြင့် လူ့အသိုင်းအဝိုင်းအတွင်း တန်ဖိုးရှိသောအမျိုးသမီးကလေးများအဖြစ် ရပ်တည်နေထိုင်သွားနိုင်စေရေးနှင့် ပညာသင်ကြားခွင့်၊ မိသားစုနှင့် ဆက်သွယ်ခွင့်၊ မိသားစုနှင့် ပြန်လည်ပေါင်းစည်းခွင့်၊ အသက်မွေးဝမ်းကျောင်း ပညာသင်ကြားခွင့်၊ လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့် စသည့် အခြေခံလူ့အခွင့်အရေးများ ရရှိအောင် ဆောင်ရွက်ပေးမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**





# ရွှေတောင်မြို့၌ လူငယ်စကားဝိုင်း ကျင်းပ

**ရွှေတောင် ဇူလိုင် ၁၈**

ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ လူငယ်စကားဝိုင်းဆွေးနွေးပွဲကို ယနေ့ နံနက် ၉ နာရီခွဲက ရွှေတောင်မြို့ အလက(ချည်မျှင်) ကျောင်းခန်းမ၌ ကျင်းပသည်။ **(အပေါ်ပုံ)**

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဟံဝင်းအောင်နှင့် မြို့နယ်ပညာရေးမှူး ဆရာကြီး ဦးကျော်ဦးတို့က အမှာစကားပြောကြားသည်။ ဆက်လက်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ငြိမ်းငြိမ်းသန့်က လူငယ်စကားဝိုင်းကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ လူငယ်စကားဝိုင်းဆွေးနွေးပွဲကို ကျင်းပရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ငြိမ်းငြိမ်းသန့်က ဦးဆောင်ဆွေးနွေးသူအဖြစ် ဆောင်ရွက်ပြီး အလက(ချည်မျှင်)ကျောင်းမှ Grade–9 ကျောင်းသား ကျောင်းသူများက လူငယ်နှင့်အချိန်၊ လူငယ်နှင့် အသိစိတ်၊ လူငယ်နှင့် ပေါင်းသင်းဆက်ဆံရေး၊ လူငယ်နှင့် အလှအပ ခေါင်းစဉ်များဖြင့် ဆွေးနွေးခဲ့ရာ တက်ရောက်လာသည့် ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များ မေးမြန်းခဲ့ရာ ဦးဆောင်ဆွေးနွေးသူများက ပြန်လည်ဖြေကြားပေးခဲ့သည်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ခင်းကျင်းပြသထားသည့် (၇၆)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် နံရံကပ်စာစောင်နှင့် စာအုပ်စာစောင်များကို ကျောင်းသား ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာကြသည်။ **ကိုကိုမင်း(ပြန်/ဆက်)**

# မော်လမြိုင်ကျွန်းမြို့၌ ထူးချွန်ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်

**မော်လမြိုင်ကျွန်း ဇူလိုင် ၁၈**

မော်လမြိုင်ကျွန်းမြို့နယ်၌ ၂၀၂၂ – ၂၀၂၃ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် အောင်ချက်အကောင်းဆုံး ကျောင်းများ၊ ထူးချွန်ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲကို ဇူလိုင် ၁၆ ရက်က ကျင်းပသည်။

အခမ်းအနားတွင် အောင်ချက်အကောင်းဆုံး အ.ထ.က၊ အ.ထ.က(ခွဲ) ကျောင်းများအား ဂုဏ်ပြုဆုငွေနှင့် တံခွန်စိုက်ဆုများကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်(၁)တို့က ချီးမြှင့်ပေးအပ်ခဲ့ပြီး ထူးချွန်စွာအောင်မြင်ခဲ့ကြသော ခြောက်ဘာသာ ဂုဏ်ထူးရှင်တစ်ဦးလျှင် တန်ဖိုးငွေကျပ် ၉၀၀၀၀၀ ရှိ လက်စွပ်၊ ငါးဘာသာဂုဏ်ထူးရှင် တစ်ဦးလျှင် ဂုဏ်ပြုဆုငွေကျပ် ၂၀၀၀၀၀၊ လေးဘာသာဂုဏ်ထူးရှင် လေးဦးအား ဂုဏ်ပြုဆုငွေကျပ် ၁၀၀၀၀၀ စီ၊ သုံးဘာသာဂုဏ်ထူးရှင် ၄၉ ဦးအား ဂုဏ်ပြုဆုငွေကျပ် ၅၀၀၀၀ စီ၊ နှစ်ဘာသာဂုဏ်ထူးရှင် ၆၄ ဦးအား ဂုဏ်ပြုဆုငွေကျပ် ၃၀၀၀၀ စီ၊ တစ်ဘာသာဂုဏ်ထူးရှင် ၁၃၇ ဦးအား ဂုဏ်ပြုဆုငွေကျပ် ၁၅၀၀၀ စီနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ၊ ထူးချွန်စွာသင်ကြားပေးခဲ့ကြသည့် ဆရာ ဆရာမ ၈၃ ဦးတို့အား ဂုဏ်ပြုမှတ်တမ်းလွှာများကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသီဟဇော်နှင့် တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **ရဲကိုမောင် (ပြန်/ဆက်)**



**အမှန်တကယ်ကြည့်မည့်အချိန်၌သာ တီဗွီကိုဖွင့်ပါ။**
**ကြည့်သူမရှိဘဲ အချိန်ပြည့်ဖွင့်ထားခြင်းကို ရှောင်ကြဉ်ပါ**

# ရခိုင်ပြည်နယ်အတွင်း ဆိုင်ကလုန်းမုန်တိုင်းမိုခါ တိုက်ခတ်မှုကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ဒေသအလိုက် ခန့်အပ်တာဝန်ပေးသူများက သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်လျက်ရှိ

နေပြည်တော် ဇူလိုင် ၁၈

**ဆိုင်ကလုန်းမုန်တိုင်းမိုခါ တိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဒေသများတွင် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ဒေသအလိုက် တပ်မတော်အရာရှိကြီးများကို ခန့်အပ်တာဝန်ပေးထား ပြီးဖြစ်သည်။**



ထိုသို့ ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်ရန် အတွက် ခန့်အပ်တာဝန်ပေးအပ် ထားရှိရာ ယနေ့တွင်ရခိုင်ပြည်နယ် ကျောက်ဖြူမြို့၌ ရောက်ရှိနေ သော ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး လူအေးသည် ဌာနဆိုင်ရာ တာဝန် ရှိသူများနှင့်အတူ ဂုံးချွန်ကျေးရွာ အုပ်စု လယ်ဒါပြင်ကွင်း ကွင်း အမှတ်(၄၅၁)၌ တောင်သူတစ်ဦး ၏ လယ်မြေတွင် မိုးစပါးစိုက်ပျိုး ရန် ကွင်းသရုပ်ပြပွဲကို သွားရောက် ကြည့်ရှုအားပေးပြီး အစိုးရ ရပ်ကွက်ရှိ မဟာသတိပဋ္ဌာန် မင်းဒွိန်တောရဓမ္မရိပ်သာကျောင်း တိုက် ဆရာတော် ဘဒ္ဒန္တ သီလ စာရထံ သွားရောက် ဖူးမြော် ကြည်ညို၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ မြို့ပေါ် ရပ်ကွက်များရှိ အသက် ၈၅ နှစ် အထက် အဘိုးအဘွားများအား လူမှုရေးပင်စင်များကို အိမ်တိုင် ရာရောက် သွားရောက် ထောက်ပံ့ ပေးအပ်သည်။



အလားတူဘူးသီးတောင်မြို့၌ ရောက်ရှိနေသော ကာကွယ်ရေး ဦးစီးချုပ်ရုံး (ကြည်း) မှ ဒုတိယ ဗိုလ်ချုပ်ကြီး အေးဝင်းသည် ဌာန ဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ လက်ဝဲဒက်ပြင်ရှည် ကျေးရွာ အုပ်စုကွင်း (၂၇၀-E)၊ လက်ဝဲဒက် မြောက်ကွင်း ဦးပိုင်အမှတ်(၄၆) တို့၌ စုပေါင်းထွန်ယက်ပွဲကို ကြည့်ရှုအားပေးကာ လိုအပ် သည်များ ညှိနှိုင်းဆောင်ရွက်ပေး သည်။

ထို့အတူ သံတွဲမြို့၌ ရောက်ရှိ နေသော ဗိုလ်ချုပ် စိုးနိုင်ဦးသည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် အတူ ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်သည့် စိုက်ပျိုးရေး၊ မွေးမြူ ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်း အဝေးကို တက်ရောက် အမှာ စကားပြောကြားပြီး လယ်ယာ စိုက်ပျိုးရေး လုပ်ငန်းများနှင့် ပတ်သက်၍ဆွေးနွေးမှာကြားကာ တာဝန်ရှိသူများ၏ တင်ပြချက် များပေါ် လိုအပ်သည်များ ညှိနှိုင်း ဆောင်ရွက်ပေးသည်။

အလားတူ မာန်အောင်မြို့၌ ရောက်ရှိနေသော ဗိုလ်မှူးချုပ် ကျော်ကျော်ဦးသည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ခအုန်း မော်ကျေးရွာအုပ်စုနှင့် တောထူ ကျေးရွာအုပ်စုတို့ရှိ အဘိုးအဘွား များအား သက်ဆိုင်ရာနေရာများ၌ လူမှုရေးပင်စင် ထောက်ပံ့ငွေများ ပေးအပ်ပြီး ခအုန်းမော်ရွာသစ် ကျေးရွာရှိ ကွင်းအမှတ် (၈၆၀) ရှိ ဒေသခံတောင်သူတစ်ဦး၏ လယ်မြေတွင် ဆင်းသုခစပါး စိုက်ပျိုးနေမှုနှင့် ထွန်ယက်နေမှု များကို သွားရောက်ကြည့်ရှုသည်။ ယင်းနောက် တောထူကျေးရွာ ရှိ တောင်သူလယ်သမားများနှင့် တွေ့ဆုံ၍ စပါးအထူးအထွက်နှုန်း တိုးရေးအတွက် လုပ်ဆောင်ရမည် များကို ဆွေးနွေးပြီး စပါးမျိုးစေ့ ထုတ်ပျိုးခင်းအား သွားရောက် ကြည့်ရှုကာ အဆိုပါ ကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ဒေသခံ ပြည်သူများနှင့် တွေ့ဆုံ၍ ၎င်းတို့ ၏ တင်ပြချက်များအပေါ် လိုအပ် သည်များ ပေါင်းစပ် ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့အတူ မောင်တောမြို့၌ ရောက်ရှိနေသော ဗိုလ်မှူးချုပ် တင့်ဆွေသည် ဌာနဆိုင်ရာတာဝန် ရှိသူများနှင့်အတူ မြို့နယ်ရဲစခန်း အတွင်းရှိ နေအိမ်လိုင်းခန်းများ၌ သွေးလွန်တုပ်ကွေးရောဂါကြိုတင် ကာကွယ်ရေး၊ နှိမ်နင်းရေး၊ ဖုံးသွန် လဲစစ်လုပ်ငန်း ဆောင်ရွက်နေမှု များကို သွားရောက် ကြည့်ရှု အားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေး သည်။ ယင်းနောက် မြို့ဦးကျေးရွာ အုပ်စု ဇူလကျေးရွာရှိ ကွင်းအမှတ် (၁၀၁/ဃ)ရှိ ဒေသခံတောင်သူများ ၏ လယ်မြေ၌ မိုးစပါးဆင်းသွယ် လတ် မျိုးစပါးပျိုးထောင်ထားရှိ မှုနှင့် ထွန်ယက်နေမှုများကို သွားရောက် ကြည့်ရှုအားပေးခဲ့ ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ရခိုင်ပြည်နယ် စစ်တွေမြို့နှင့် ဘူးသီးတောင်မြို့တို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအား ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များ၊ စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဆက်လက်ရောင်းချ

**နေပြည်တော် ဇူလိုင် ၁၈**

ဆိုင်ကလုန်းမုန်တိုင်း မိုခါ တိုက်ခတ်မှုကြောင့် မုန်တိုင်းဒဏ် သင့် ဒေသခံပြည်သူများနှင့် ဌာန ဆိုင်ရာဝန်ထမ်းများ၏ စားသောက် ရေး အဆင်ပြေစေရန်နှင့် မိမိတို့ အလိုရှိရာ စားသောက်ကုန်ပစ္စည်း များကို ဈေးနှုန်းသက်သာစွာ ဖြင့် ဝယ်ယူစားသောက်နိုင်ရေး အတွက် အနောက်ပိုင်းတိုင်း စစ်ဌာနချုပ်၊ နယ်မြေခံတပ်မတော် သားများနှင့် တာဝန်ရှိသူများက နေ့စဉ် ရောင်းချပေးလျက်ရှိသည်။



ယနေ့တွင်လည်း စစ်တွေမြို့ ဦးဥတ္တမပန်းခြံနှင့် ဘူးသီးတောင် မြို့ ဦးဥတ္တမခန်းမရှေ့တို့၌ ဆန်၊ ဆီ၊ ဆား၊ အသား၊ ငါး၊ ကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများ၊ ဟင်းသီး ဟင်းရွက်များ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် တပ်မတော် စက်ရုံများနှင့် မြန်မာ့စီးပွားရေး ကော်ပိုရေးရှင်းတို့မှ ထုတ်လုပ် သည့် ခေါက်ဆွဲခြောက်၊ ဘီစကွတ် နှင့် စည်သွတ်ဘူးများဖြစ်သည့် အမဲသားဘူး၊ မှျစ်စားတော်ပဲဘူး၊ ကြက်သားအာလူးဘူး၊ ငါးတန် အချိုပေါင်းဘူး၊ ငါးသလောက်ဘူး၊ ငါးပိကြော်ဘူး၊ ပဲထောပတ်ဘူး၊ ပဲခရမ်းဘူး၊ သရက်သီးသနပ်ဘူး စသည့် စားသောက်ကုန်များ၊ မြန်မာ့စီးပွားရေးဦးပိုင် အများနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက် အရောင်းဆိုင်များ၏ စားကုန် ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများ နှင့် အိမ်ဆောက်ပစ္စည်းများကို ပြင်ပပေါက်ဈေးထက် သက်သာ သော ဈေးနှုန်းများဖြင့် ဆက်လက် ရောင်းချပေးလျက်ရှိသည်။

ထိုသို့ ရောင်းချပေးလျက်ရှိရာ ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာ ဝန်ထမ်းမိသားစုများက တစ်ခဲ နက် ဝယ်ယူအားပေးကြကြောင်း နှင့် ယခုကဲ့သို့ စားရေးအခက်အခဲ ဖြစ်ပေါ်နေချိန်တွင် သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချပေးမှု အပေါ် တာဝန်ရှိသူများအား အထူးပင်ကျေးဇူးတင်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



## လျှပ်စစ်သုံး မော်တော်ဆိုင်ကယ်များ ရောက်ရှိ

**နေပြည်တော် ဇူလိုင် ၁၈**

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုး တိုးတက်ရေး ဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် Aung Kan Bo Motorcycle Industrial Co., Ltd. မှ တင်သွင်းလာသော Kanbo အမျိုးအစား လျှပ်စစ်သုံးမော်တော်ဆိုင်ကယ် ၂၀၃ စီးသည် မူဆယ် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်သို့ ရောက်ရှိလာသဖြင့် ယနေ့တွင် လုပ်ထုံး လုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်းနှင့် အဆိုပါ လျှပ်စစ်သုံး မော်တော်ဆိုင်ကယ်များ တင်သွင်းမှုအတွက် အကောက်ခွန် ကင်းလွတ် ခွင့်ပြုထားကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



## အမ်းမြို့နယ်၌ တိုက်ရိုက်စပါးမျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးခြင်း ကွင်းသရုပ်ပြ

**အမ်း ဇူလိုင် ၁၈**

ရခိုင်ပြည်နယ် အမ်းမြို့နယ်၌ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး အတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ကြီးမှူး၍ တိုက်ရိုက်စပါး မျိုးစေ့ချကိရိယာ Drum Seeder ဖြင့် စိုက်ပျိုးခြင်းကွင်းသရုပ်ပြပွဲ အခမ်းအနားကို ယမန်နေ့က အောက်ရွာကျေးရွာရှိ တောင်သူ ဦးဇော် မျိုးထက်၏ လယ်မြေ၌ ပြုလုပ်သည်။

အခမ်းအနားသို့ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် အောင်ကျော်မင်း၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင် ဇော်ထက်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးမင်း ထက်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အောက်ရွာကျေးရွာ အုပ်စုနှင့် ပတ်ဝန်းကျင်ကျေးရွာအုပ်စုမှ တောင်သူများ၊ စက်မှု၊ စိုက်ပျိုး ရေး၊ မွေးမြူရေးအထက်တန်းကျောင်းမှ စိုက်ပျိုးရေးကျောင်းသား ကျောင်းသူများ တက်ရောက်ကြကြောင်း၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးမှူး ဦးဝင်းဇော်က Drum Seeder ဖြင့် စပါးတိုက်ရိုက်အစေ့ချ စိုက်ပျိုးနည်းဖြင့် စိုက်ပျိုးပါက ရရှိနိုင်မည့်အကျိုးကျေးဇူးများ ရှင်းလင်း ဆွေးနွေး ပြောကြားခဲ့ကြောင်း သိရသည်။ **စိုးမင်းထွန်း(ပြန်/ဆက်)**

# ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဝါးခယ်မမြို့နယ် သဲကုန်းကျေးရွာ၌ “နယူးဧရာမျိုးစပါး”ပျိုးထောင်ထားရှိမှုနှင့် ပုလဲနှင့်ကွန်ပေါင်း ဓာတ်မြေဩဇာများပံ့ပိုးပေးနေမှုကို ကြည့်ရှုအားပေး



**ဝါးခယ်မ ဇူလိုင် ၁၈**

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့်အဖွဲ့သည် ယနေ့နံနက် ၁၀ နာရီတွင် ဝါးခယ်မမြို့နယ် ကြာဖြူကျေးရွာအုပ်စု သဲကုန်းကျေးရွာ သဲကုန်းကွင်းအမှတ် (၁၀၀၀/က) ရှိ တောင်သူ ဦးဝင်းဗိုလ် လုပ်ကိုင်ခွင့်ရရှိထားသော ဦးပိုင်အမှတ် (၁၇/က)၊ လယ်မြေ ခြောက်ဧကအား မိုးစပါးစိုက်ပျိုးရန် “နယူးဧရာမျိုးစပါး” များ ပျိုးထောင်ထားမှုကို ကြည့်ရှုသည်။ (ယာပုံ)

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့များသည် ကျွန်းကုန်းကျေးရွာရှိ (ပိုင်ရှင်) ဦးကျော်စွာ၏ “ချမ်းမြေ့” ဆန်စက်သို့ ရောက်ရှိပြီး မြို့နယ်အတွင်းရှိ မိုးစပါးစိုက်ပျိုးသည့် တောင်သူများအား နိုင်ငံစီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ပုလဲနှင့် ကွန်ပေါင်းဓာတ်မြေဩဇာများ ပံ့ပိုးပေးနေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **ဟိန်းထက်လင်း(မြန်/ဆက်)**

# တပ်မတော်၌ တတိယအကြိမ် အသည်းအစားထိုးခွဲစိတ်ကုသမှုလုပ်ငန်း ဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၁၈**

တပ်မတော်၌ ပထမအကြိမ် အသည်းအစားထိုး ခွဲစိတ်ကုသမှုကို ၂၀၂၂ ခုနှစ် စက်တင်ဘာ ၂၇ ရက်နှင့် ၂၈ ရက်တို့တွင် လူနာနှစ်ဦးကို လည်းကောင်း၊ ဒုတိယအကြိမ် အသည်းအစားထိုး ခွဲစိတ်ကုသမှုကို ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၂၀၊ ၂၁ ရက်နှင့် ဖေဖော်ဝါရီ ၁ ရက်တို့တွင် လူနာ သုံးဦးကို လည်းကောင်း အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ရာ ယခုအခါ တတိယအကြိမ် အသည်းအစားထိုး ခွဲစိတ်ကုသမှုကို လူနာ သုံးဦးဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပြီး ပထမနေ့ အသည်းအစားထိုး ခွဲစိတ်ကုသမှုကို ယနေ့တွင် မင်္ဂလာဒုံမြို့နယ်ရှိ အမှတ်(၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) အထူးကုသမှုစင်တာ၌ ပြုလုပ်သည်။



**ပူးပေါင်းဆောင်ရွက်**

အဆိုပါ အသည်းအစားထိုး ခွဲစိတ်ကုသမှုကို တပ်မတော်မှ အသည်းအစားထိုး ခွဲစိတ်ကုသမှုအဖွဲ့နှင့် အိန္ဒိယနိုင်ငံမှ အသည်းအစားထိုး ခွဲစိတ်ကုသမှုအဖွဲ့တို့ ပူးပေါင်း ဆောင်ရွက်ခဲ့ကြခြင်းဖြစ်ပြီး လူနာ ဦးပြည့်ဖြိုးဇော်နှင့် ညီမဖြစ်သူ အသည်းအလှူရှင် ဒေါ်သွယ်နီကိုတို့ကို ခွဲစိတ်ကုသခဲ့ခြင်း ဖြစ်သည်။

**ကျန်းမာရေးကောင်းမွန်**

အသည်းအစားထိုး ခွဲစိတ်ကုသမှု ဆောင်ရွက်ရာတွင် အသည်းအလှူရှင် လူနာထံမှ အသည်းထုတ်ယူခြင်းကို နံနက် ၉ နာရီခွဲအချိန်တွင် စတင်ခဲ့ပြီး ထုတ်ယူရရှိသော အသည်းကို ညနေ ၄ နာရီခွဲခန့်တွင် အသည်းလက်ခံလူနာထံသို့ အစားထိုး ခွဲစိတ်ကုသခြင်း ဆောင်ရွက်ခဲ့ကာ စုစုပေါင်း ခွဲစိတ်ချိန် ၁၁ နာရီခန့် ကြာမြင့်ခဲ့သည်။ အသည်းအလှူရှင်လူနာနှင့် အသည်းလက်ခံလူနာများ၏ ခွဲစိတ်ပြီးနောက်ပိုင်း ကျန်းမာရေး အခြေအနေမှာ ကောင်းမွန်လျက်ရှိပြီး အထူးကြပ်မတ်ကုသခန်း၌ လိုအပ်သော ပြုစုကုသမှုများကို သက်ဆိုင်ရာ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြု / ကျွမ်းကျင်သူများက ဆက်လက် ဆောင်ရွက်ပေးလျက်ရှိသည်။

အသည်းအစားထိုး ခွဲစိတ်ကုသမှုကို တပ်မတော် ဆေးရုံကြီးများမှ တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ပြီး ဇူလိုင် ၁၉ ရက်နှင့် ၂၀ ရက်တို့တွင် ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မော်လိုက်မြို့၌ ခရိုင်စီမံကိန်းရေးဆွဲ အကောင်အထည်ဖော်ရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**မော်လိုက် ဇူလိုင် ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်မြို့၌ ခရိုင်စီမံကိန်းရေးဆွဲ အကောင်အထည်ဖော်ရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၉ နာရီက ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ခရိုင်စီမံကိန်းရေးဆွဲ အကောင်အထည်ဖော်ရေး ကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအေးလွင်က အမှာစကား ပြောကြားသည်။ ထို့နောက် ခရိုင်စီမံကိန်းရေးဆွဲ အကောင်အထည်ဖော်ရေးကော်မတီ အတွင်းရေးမှူး ခရိုင်စီမံကိန်းမှူး ဦးအောင်ကျော်ဦးက ၂၀၂၃–၂၀၂၄ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်း အကောင်အထည်ဖော်နိုင်မှု အခြေအနေများကို ပရိုဂျက်တာပြသ၍ အကျယ်တဝင့် ရှင်းလင်းဆွေးနွေးတင်ပြခဲ့ပြီး ကဏ္ဍတာဝန်ခံဌာနဆိုင်ရာများက အသီးသီး ပြန်လည်ဆွေးနွေးတင်ပြကြကြောင်း သိရသည်။ **ဇော်ဘီ**

# မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဇင်းကျိုက်မြို့ မော်လမြိုင် - ရန်ကုန် ကားလမ်းရေကျော်

**ပေါင် ဇူလိုင် ၁၈**

မွန်ပြည်နယ် ပေါင်မြို့နယ်၌ မိုးသည်းထန်စွာရွာသွန်းပြီး တောင်ကျရေများ စီးဆင်းမှုကြောင့် ဇင်းကျိုက်မြို့ မော်လမြိုင်–ရန်ကုန်ကားလမ်း၌ ယနေ့ ညနေ ၃နာရီခွဲက စတင်၍ ကားလမ်း ရေကျော်ပြီး လူနေအိမ်များသို့လည်း ရေဝင်ရောက်ခဲ့သည်။

ကားလမ်းရေကျော်ပြီး လူနေအိမ်များသို့ ရေဝင်ရောက်၍ ရေအမြင့် နှစ်ပေခန့် ရေကျော်လျက်ရှိပြီး မော်တော်ယာဉ်များ ဘေးအန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေးအတွက် ပေါင်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးထင်လင်းအောင်နှင့် အဖွဲ့ဝင်များ၊ နယ်မြေခံ တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များ၊ ကျေးရွာနေပြည်သူများနှင့် လူမှုကူညီရေးအသင်းအဖွဲ့များ ပူးပေါင်းကာ မော်တော်ယာဉ်များ၊ ဆိုင်ကယ်များ ဖြတ်သန်းမောင်းနှင်မှုနှင့် လူနေအိမ်များသို့ ရေဝင်ရောက်နေမှုကို ကူညီသိမ်းဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။



ရေဆက်လက် မြင့်တက်လာပါက ဘေးအန္တရာယ်ကင်းရှင်းစေရန် ယာဉ်များဖြတ်သန်းသွားလာမှုကို ခေတ္တဆိုင်းငံ့သွားမည်ဖြစ်ပြီး လက်ရှိအချိန်တွင် လူနေအိမ်များ၏ ပစ္စည်းများကို ကူသိမ်းဆည်းပေးလျက်ရှိကြောင်း သိရသည်။ အလားတူ မုတ္တမကျေးရွာရှိ ဝါရီရူတွင်လည်း ရေများ မြင့်တက်လာနေကြောင်း သိရသည်။

**မွန်မလေး (မြန်/ဆက်)**



# မုဒုံမြို့၌ မိုးသည်းထန်ရွာသွန်းမှုကြောင့် မော်လမြိုင် – သံဖြူဇရပ် ကားလမ်းရေကျော်

**မုဒုံ ဇူလိုင် ၁၈**

မွန်ပြည်နယ် မုဒုံမြို့နယ်၌ မိုးသည်းထန်စွာရွာသွန်းပြီး တောင်ကျရေများ စီးဆင်းမှုကြောင့် မော်လမြိုင်–သံဖြူဇရပ်ကားလမ်း မိုင်တိုင်အမှတ် ၃၄ မိုင် ၁ ဖာလုံနှင့် ၃၅ မိုင်အကြား နီးပဒေါကျေးရွာ၌ ယနေ့ နံနက် ၇ နာရီကစတင်၍ ကားလမ်းရေကျော်မှုဖြစ်ပွားကြောင်း သိရသည်။

ကားလမ်းရေကျော်သည့်နေရာ၌ ရေအမြင့် နှစ်ပေခန့် ရေကျော်လျက်ရှိပြီး မော်တော်ယာဉ်များ ဘေးအန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေးအတွက် မုဒုံမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးပြည်သိမ်းနှင့် အဖွဲ့ဝင်များ၊ နယ်မြေခံတပ်မှ ဒုတိယဗိုလ်မှူးကြီး နေသူရိန်နှင့်တပ်ဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များ၊ ကျေးရွာနေပြည်သူများနှင့် လူမှုကူညီရေးအသင်းအဖွဲ့များ ပူးပေါင်းကာ မော်တော်ယာဉ်များ၊ ဆိုင်ကယ်များ ဖြတ်သန်းမောင်းနှင်မှုကို စောင့်ကြည့်ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ရေဆက်လက်မြင့်တက်လာပါက ဘေးအန္တရာယ်ကင်းရှင်းစေရန် ယာဉ်များဖြတ်သန်းသွားလာမှုကို ခေတ္တဆိုင်းငံ့သွားမည်ဖြစ်ပြီး လက်ရှိအချိန်တွင် မော်တော်ယာဉ်များသည် ပုံမှန်အတိုင်းဖြတ်သန်းသွားလာလျက်ရှိသော်လည်း အချို့သော မော်တော်ယာဉ်ငယ်၊ ဆိုင်ကယ်များကို ဖြတ်သန်းသွားလာစေခြင်းမပြု၍ ရေအနည်းငယ် ပြန်လည်ကျဆင်းချိန်ကို စောင့်ဆိုင်းလျက်ရှိကြောင်းနှင့် ယနေ့ မုဒုံမြို့နယ်တွင် မိုးရေချိန် ၉ ဒသမ ၆၅ လက်မ ရှိကြောင်း သိရသည်။ **သားငယ်(မြန်/ဆက်)**

# လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ ၂၀၂၃ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကျင်းပ

နေပြည်တော် ဇူလိုင် ၁၈

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ ၂၀၂၃ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ဥတ္တရသီရိမြို့နယ် ဇေယျာဌာနီ (၂)လမ်းရှိ အဆိုပါဝန်ကြီးဌာနရုံးအမှတ်(၂၃) ပရိဝုဏ်တွင် ကျင်းပသည်။**



အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ဝန်ကြီးဌာနမှ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယ အမြဲတမ်းအတွင်းဝန်နှင့် ဒုတိယ ညွှန်ကြားရေးမှူးချုပ်များက ရတနာတန်းဝင် ကျွန်းပင်များကို သတ်မှတ်နေရာများတွင် ဦးဆောင်စိုက်ပျိုးပေးပြီး ဝန်ကြီးဌာနရှိ အရာထမ်း၊ အမှုထမ်းများက သတ်မှတ်နေရာများတွင် ကျွန်းပင်များကို စိုက်ပျိုးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် အရာထမ်း၊ အမှုထမ်းများ သစ်ပင်စိုက်ပျိုးနေမှု အခြေအနေနှင့် ယခင်စိုက်ပျိုးခဲ့သည့် အပင်များ၏ ရှင်သန်မှုများကို လိုက်လံကြည့်ရှုကြသည်။ ယနေ့ သစ်ပင်စိုက်ပျိုးပွဲအခမ်းအနားတွင် ကျွန်းပင် ၂၅၀ ကို စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# မြန်မာနိုင်ငံရှိ မိုခါမုန်တိုင်းဘေးသင့်ပြည်သူများထံသို့ ထိုင်းနိုင်ငံမှပေးပို့သည့် အကူအညီပစ္စည်းများအား လွှဲပြောင်းလက်ခံ

**ရန်ကုန် ဇူလိုင် ၁၈**

ထိုင်းနိုင်ငံရှိ Siam Cement Group (SCG) ကုမ္ပဏီ၊ ထိုင်းကြက်ခြေနီအသင်းနှင့် ထိုင်းအယုဒ္ဓယဘဏ်တို့မှ မိုခါမုန်တိုင်းဒဏ်သင့်ဒေသရှိပြည်သူများထံသို့ ပေးပို့လှူဒါန်းသည့် ကယ်ဆယ်ထောက်ပံ့ရေးပစ္စည်းများ လှူဒါန်းခြင်းကို ယနေ့နံနက်ပိုင်းတွင် ဗိုလ်တထောင်မြို့နယ် မိသားစုရပ်ကွက် ကမ်းနားကွန်ကရစ်လမ်း ဗိုလ်အောင်ကျော် ဆိပ်ကမ်း၌ ပြုလုပ်သည်။



ရှေးဦးစွာ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E. Mr. Mongkol Visitstump က ကယ်ဆယ်ထောက်ပံ့ရေး ပစ္စည်းများ လှူဒါန်းရခြင်းအကြောင်းကို ပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းက ထိုင်းနိုင်ငံမှ ယခုလိုလူသားချင်း စာနာထောက်ထားပြီး အိမ်နီးချင်း ချစ်ကြည်ရင်းနှီးမှုဖြင့် မိသားစု စိတ်ဓာတ်ကိုအခြေခံပြီး ယခုလို ကယ်ဆယ်ထောက်ပံ့ရေး ပစ္စည်းများ ပေးပို့ခြင်းအတွက် ကျေးဇူးတင်ရှိပါကြောင်းနှင့် နိုင်ငံတော် အစိုးရ၏ ထိရောက်သောစီမံခန့်ခွဲမှု၊ ဝန်ကြီးဌာနများ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပြည်သူများ၏ စုပေါင်းစွမ်းအားများဖြင့် မုန်တိုင်းဒဏ်သင့် ဒေသများကို ပြန်လည်ထူထောင်ရေး လုပ်ငန်းများနှင့်လူမှုစီးပွားဘဝကို ပုံမှန်အခြေအနေသို့ အမြန်ဆုံးပြန်လည်ရောက်ရှိနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိနေမှုများကို ပြောကြားသည်။

ယင်းနောက် ထိုင်းနိုင်ငံသံအမတ်ကြီးက ကယ်ဆယ်ထောက်ပံ့ရေး ပစ္စည်းများဖြစ်သည့် သွပ် အချပ် ၆၅၀၊ သွပ်သံသုံးဘူး၊ သံမျိုးစုံ ၁၂ ဘူး၊ ဆိုလာမီး ဝ၀ ၆၀ အလုံး ၂၀ ကို တိုင်းဒေသကြီး ဝန်ကြီးချုပ်အားလည်းကောင်း၊ ထိုင်းကြက်ခြေနီအသင်းနှင့် ထိုင်းအယုဒ္ဓယဘဏ်တို့မှ လှူဒါန်းပစ္စည်းများအား ထိုင်းကြက်ခြေနီအသင်း တာဝန်ရှိသူများက မြန်မာနိုင်ငံကြက်ခြေနီအသင်း တာဝန်ရှိသူများထံလည်းကောင်း လွှဲပြောင်းပေးအပ်ကြပြီး(ဝံပုံ) အဆိုပါလှူဒါန်းပစ္စည်းများကို ဗိုလ်အောင်ကျော် ဆိပ်ကမ်းတွင် ဆိုက်ကပ်ထားသော ထောက်ပံ့ပို့ဆောင်ရေးသင်္ဘော MCL – 3 ဖြင့် မိုခါမုန်တိုင်းဒဏ်သင့်ဒေသများရှိ ပြည်သူများထံသို့ ဆက်လက်ပေးပို့ဖြန့်ဖြူးသွားမည်ဖြစ်ကြောင်း သိရသည်။

ဆန်းကျော်ဦး (ပြန်/ဆက်)

# ရန်ကင်းမြို့နယ်၌ လူငယ်စကားဝိုင်းဆွေးနွေးပွဲကျင်းပ

**ရန်ကုန် ဇူလိုင် ၁၈**

ရန်ကင်းမြို့နယ်ရှိ ရန်ကင်းပညာရေး ဒီဂရီကောလိပ်၌ လူငယ်များ၊ အသိပညာစွမ်းအား၊ အတတ်ပညာစွမ်းအား၊အတွေးအခေါ်စွမ်းအားများ ပြည့်ဝစေပြီး လူအများရှေ့ စကားပြောဆိုရာ၌ ရဲဝံ့စွာ ပြောဆိုဆွေးနွေးနိုင်သည့် အလေ့အကျင့်ကောင်းများရရှိစေရန်၊ စာဖတ်ခြင်းဖြင့် အသိပညာဗဟုသုတများနှင့် ပြည့်စုံပြီး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များ ပေါ်ထွန်းလာစေရန်၊ လူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်အတွက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ရန်ကင်းပညာရေး ဒီဂရီကောလိပ်တို့ပူးပေါင်းကျင်းပသော လူငယ်စကားဝိုင်းကို ယနေ့နံနက်ပိုင်းက ရန်ကင်းပညာရေး ဒီဂရီကောလိပ် မြတ်ပညာခန်းမ၌ ကျင်းပသည်။



ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဆန်းဝင်းက ကျောင်းသူအချင်းချင်း ရင်းနှီးချစ်ခင်မှုများ တိုးပွားလာပြီး ယဉ်ကျေးလိမ္မာစွာ ပြောဆိုဆက်ဆံတတ်စေရန်နှင့် တိုင်းချစ်၊ ပြည်ချစ်စိတ်၊ နိုင်ငံချစ်စိတ်ပြည့်ဝစေရန် ရည်ရွယ်၍ လူငယ်စကားဝိုင်းကို ကျင်းပရခြင်းဖြစ်ကြောင်း၊ ရန်ကင်းမြို့နယ် ပြန်/ဆက်ရုံးမှ ဦးစီးအရာရှိ ဒေါ်လှလှထွေးနှင့်အတူ တွဲဖက်ဦးဆောင်ဆွေးနွေးသူအဖြစ် ရန်ကင်းပညာရေးဒီဂရီကောလိပ် လူမှုရေးရာဘာသာရပ်များဌာန ပါမောက္ခ ဆရာမ ဒေါ်တင်တင်ဝင်းတို့က ဦးဆောင်ဆွေးနွေးကာ ကျောင်းသားကျောင်းသူ ခြောက်ဦးတို့က ပြန်လည် ဆွေးနွေးကြပြီး ကျောင်းသား ကျောင်းသူ စုစုပေါင်း ၃၀၀ ခန့် တက်ရောက်ကြကြောင်း သိရသည်။

လှလှထွေး(ပြန်/ဆက်)

# ကျိုက်လတ်မြို့၌ ဇီဝဆိုင်ရာ အချက်အလက်များ ကောက်ယူလျက်ရှိ

**ကျိုက်လတ် ဇူလိုင် ၁၈**

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကျိုက်လတ်မြို့နယ် ဦးစီးမှူးရုံးမှ ဆရာ၊ ဆရာမများအား နိုင်ငံသားတစ်ဦးချင်း ကိုယ်ရေးအချက်အလက် ကောက်ယူမှုကို ယမန်နေ့က အထက–၁ ကျိုက်လတ် မြစန္ဒီခန်းမ၌ ဆောင်ရွက်သည်။

အဆိုပါဇီဝဆိုင်ရာအချက်အလက်(Biometric ) ကောက်ယူခြင်း လုပ်ငန်းဆောင်ရွက်နေမှုကို ဖျာပုံခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးဇော်နိုင်အေးနှင့် မြို့နယ်ဦးစီးမှူး ဦးထွန်းဆွေတို့က လာရောက်ကြည့်ရှုအားပေးသည်။

မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ တာဝန်ယူဆောင်ရွက်နေသည့် နိုင်ငံအတွင်းနေထိုင်သူ အသက်(၁၀) နှစ်နှင့်အထက် နိုင်ငံသားတို့၏ Biographic Data နှင့် Biometric Data များကောက်ယူ၍ Database တွင် သိမ်းဆည်း ပြီး ဂဏန်း ၁၀ လုံး ပါဝင်သည့် Unique ID နံပါတ်များသတ်မှတ်၍ မှတ်ပုံတင် ထုတ်ပေးနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ဌေးဌေးလှိုင်(ပြန်/ဆက်)**



## ပြင်ဆင်ဖတ်ရှုပေးပါရန်

၁၁-၇-၂၀၂၃ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာပါ "ရေကြောင်းဘက်ဆိုင်ရာ ကျွမ်းကျင်သူများ မွေးဖွားရာ မြန်မာနိုင်ငံ ကုန်သွယ်ရေကြောင်းကောလိပ်" ဆောင်းပါး စာမျက်နှာ ၁၀ ကော်လံ ၄ ဒုတိယစာပိုဒ်တွင် ပါရှိသော "ပင်လယ်ပြင်လုပ်သက်ရယူရေးအတွက် နိုင်ငံတကာသင်္ဘောလိုင်းများတွင် လက်တွေ့လုပ်ငန်းခွင် ၁၂ လ တာဝန်ထမ်းဆောင်ရပါသည်" (အစား) **"နိုင်ငံတကာသင်္ဘောလိုင်းများတွင် ၁၈ လ တာဝန်ထမ်းဆောင်ရပါသည်"** ဟု ပြင်ဆင်ဖတ်ရှုပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။ **ဒေါက်တာသန့်စင်(ရူပဗေဒ)**

# မှတ်သားဖွယ်ရာ မိုးရေချိန်များ

**နေပြည်တော် ဇူလိုင် ၁၈**

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ကော့သောင်းမြို့တွင် ၉ ဒသမ ၉၆ လက်မ၊ မုဒုံမြို့တွင် ၉ ဒသမ ၆၄ လက်မ၊ ရေးမြို့တွင် ၉ ဒသမ ၀၆ လက်မ၊ ကျိုက်မရောမြို့တွင် ၅ ဒသမ ၅၁ လက်မ၊ မော်လမြိုင်မြို့တွင် ၅ ဒသမ ၄၀ လက်မ၊ ထားဝယ်မြို့တွင် ၄ ဒသမ ၈၀ လက်မ၊ ချောင်းဆုံမြို့တွင် ၄ ဒသမ ၇၂ လက်မ၊ လောင်းလုံးမြို့တွင် ၃ ဒသမ ၉၄ လက်မ၊ ကိုကိုးကျွန်းမြို့တွင် ၃ ဒသမ ၉၀ လက်မ၊ ကျိုက်ဒုံမြို့တွင် ၃ ဒသမ ၆၀ လက်မ၊ လှိုင်းဘွဲ့မြို့တွင် ၃ ဒသမ ၂၇ လက်မ၊ ကြာအင်းဆိပ်ကြီးမြို့တွင် ၃ ဒသမ ၁၅ လက်မ၊ ကန်ကြီးထောင့်မြို့တွင် ၃ ဒသမ ၀၅ လက်မနှင့် ကျိုက္ခမီမြို့တွင် ၃ ဒသမ ၀၃ လက်မတို့ ဖြစ်ကြသည်။ **မိုး/ဇလ**

# ဟာသပညာရှင်တို့ နေဝင်ဆည်းဆာ လှစေဖို့

မြင့်စိုး(နတလ)

### ရွှေရောင်ဖိတ်စာလေးတစ်စောင်

ကျွန်တော် ဇွန် ၂၃ ရက် ရခိုင်ခရီးစဉ်က ပြန်လာတော့ ရုံးစားပွဲပေါ်မှာ ဝင်စာအချို့နှင့်အတူ ရွှေရောင်ဖိတ်စာလေးတစ်စောင်က ကြိုလင့်နေပါသည်။ မြန်မာနိုင်ငံ ဟာသပညာရှင်များအစည်းအရုံး(ဗဟို)က ကြီးမှူးကျင်းပမည့် (၁၃) ကြိမ်မြောက် အသက် ၆၅ နှစ်အထက် သက်ကြီးလူရွှင်တော်ကြီးများအား ကန်တော့ပွဲအခမ်းအနား ဖိတ်ကြားလွှာဖြစ်ပါသည်။ ဖိတ်စာမှာ ဖော်ပြထားသည်က စေတနာရှင် လူကြီးမင်းများခင်ဗျာ၊ အိုမင်းမစွမ်း အနုပညာလမ်းကို ဆက်လက်လျှောက်လှမ်းနိုင်အား မရှိတော့သည့် တစ်ချိန်က ပြည်သူများအား ရယ်မောရွှင်ပြအောင် စွမ်းဆောင်ခဲ့ပါသော သက်ကြီးလူရွှင်တော်ကြီးများအား ကန်တော့နိုင်ရန်အတွက် နည်းများမဆိုကုသိုလ်ပါဝင်၍ ကြွရောက်ချီးမြှင့်ပေးနိုင်ပါရန် ရှိသေလေးစားစွာ ဖိတ်ကြားအပ်ပါသည်...တဲ့။ နေ့ရက်က ၂၀၂၃ ခုနှစ် ဇူလိုင်လ ၇ ရက် (သောကြာနေ့)၊ အချိန်က နံနက် ၉ နာရီမှ ၁၂ နာရီ၊ နေရာကတော့ MICC-2 ဖြစ်သည်။ ဖိတ်စာကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံးက ပို့ပေးသည်ဟု သိရ၏။ ပြန်ကြားရေးဝန်ကြီးဌာနမှတစ်ဆင့် တင်ပြ၍ ဖိတ်လိုက်ခြင်းဖြစ်ပါလိမ့်မည်။ ပြီးခဲ့သည့် နှစ်ကုန်ခါနီး ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၂၂ ရက်တုန်းကလည်း ရင်ခွင်မဲ့ကလေးများကို ကူညီထောက်ပံ့ရေးအတွက် MICC-2 တွင် ကျင်းပပြုလုပ်သော "ကြယ်ကလေးများရဲ့ အနာဂတ်" ဂီတဖျော်ဖြေပွဲသို့ တက်ရောက် လှူဒါန်းခွင့်ရခဲ့ပြီး မြန်မာပြည်ကိုသိန်းတန်နှင့်အဖွဲ့၏ ဂီတဖျော်ဖြေမှုကို ကြည့်ရှုခံစား နားဆင်ခွင့်ရခဲ့သည်ကို အမှတ်ရမိ၏။ ထိုပွဲကိုလည်း ပြန်ကြားရေးဝန်ကြီးဌာနက ဦးဆောင်စီစဉ်ပေးခြင်း ဖြစ်သည်။ ဖိတ်စာ၏ ဝဲဘက်စာမျက်နှာတွင် ဖော်ပြထားသော ဟာသလူရွှင်တော်၊ ရုပ်ရှင်သရုပ်ဆောင် ကိုဒိန်းဒေါင်၏ ကဗျာလေးကြောင့်ပဲလားတော့မသိ၊ ထိုပွဲကိုတက်ဖြစ်အောင်တက်မည်ဟု ကျွန်တော် စိတ်ပိုင်းဖြတ်ထားလိုက်မိ၏။ ကဗျာလေးနာမည်က ပျော်တော်ဆက်တို့ နေဝင်ချိန် ...တဲ့။

### အလှူဒါနပြုခဲ့ပါသည်

၇-၇-၂၀၂၃ ရက်၊ သူတို့ဖိတ်သည့် နံနက် ၉ နာရီ မတိုင်မီ နာရီဝက်စော၍ ကျွန်တော် ရောက်အောင် သွားခဲ့သည်။ လုံခြုံရေးကန့်သတ်ချက်မရှိ၊ ကားအတွက် ဝင်ခွင့်ကတ်လည်း ပေးမထား၊ လွတ်လွတ်လပ်လပ်နှင့် MICC-2 ထဲ ရောက်သွားသည်။ ဟာသသရုပ်ဆောင် လူတန်းကြီးကို တွေ့လိုက်ရ၏။ သူတို့ကို တီဗွီထဲမှာ၊ ဗီဒီယိုဇာတ်ကားတွေထဲမှာ ကြည့်ဖူးမြင်ဖူးနေ၍ သိနေသော်လည်း သူတို့ကတော့ ကျွန်တော့်ကို မသိကြပါ။ စားပွဲတစ်လုံးပေါ်မှာ ငွေဖလားကြီးတစ်လုံး တွေ့ရသဖြင့် ငွေလှူလို့ရသေးလားဟု မေးမြန်းကြည့်လိုက်သည်။ ပြည်ထောင်စုဝန်ကြီး ဦးလှမိုးက ကျပ်သိန်း ၃၀ လှူဒါန်းထားပြီးဖြစ်သည်။ ကျွန်တော် မလှူရသေးသဖြင့် မေးကြည့်ပြီး ပါလာသော ငွေကျပ် ၅ သိန်းကို ပေးအပ်လှူဒါန်းရာ ဟာသသရုပ်ဆောင်နှင့် မြန်မာနိုင်ငံဟာသပညာရှင်များအစည်းအရုံး (ဗဟို) ဥက္ကဋ္ဌ ဦးဒိန်းဒေါင်၊ ဦးငြိမ်းချမ်း၊ အကယ်ဒမီ ဦးအုန်းသီးတို့က လက်ခံရယူပေးပါသည်။

### တွဲဖက်အတွင်းရေးမှူး ဦးအောင်ချစ်

ဟာသလူရွှင်တော် အောင်ချစ်၊ လူရွှင်တော်ဖလားပြိုင်ပွဲ၌ ကိုပေါ်ဦးတို့နှင့် အတွဲညီညီဝင်ရောက်ယှဉ်ပြိုင်ရင်း ပထမဆုတွေ ခဏခဏ သိမ်းပိုက်ပြီး အနုပညာစင်မြင့်ထက်ကို ရောက်ရှိသွားသော လူရွှင်တော် အောင်ချစ်၊ ယခုတော့ မြန်မာနိုင်ငံဟာသပညာရှင်များ အစည်းအရုံး(ဗဟို)မှာ တွဲဖက်အတွင်း




(၁၃) ကြိမ်မြောက် သက်ကြီးပူဇော်ကန်တော့ပွဲသို့ ကြွရောက်လာသည့် ကန်တော့ခံ ဟာသပညာရှင်ကြီးများ။

ရေးမှူးတာဝန်ကို ထမ်းဆောင်နေပြီဖြစ်သော ဦးအောင်ချစ်အနေဖြင့် ဆုံတွေ့လိုက်ရသည်။ ဆုံတွေ့လိုက်ရသည်ဟုဆိုရခြင်းမှာ အောင်ချစ်နှင့် ကျွန်တော်တို့ရေစက်က လွန်ခဲ့သော ၁၆ နှစ်လောက်ကတည်းက ဆုံခဲ့ခြင်းဖြစ်သည်။ နယ်စပ်/ စည်ပင်ဝန်ကြီးဌာန နာမည်နှင့် ရှိနေစဉ်ကာလ၊ ဝန်ကြီး ဦးသိန်းညွန့်၏ လက်ထက် ၂၀၀၂ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်မှာ ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် သန်လျင်တံတားကြီးအနီးတွင် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာကြီးကို ဖွင့်လှစ်ခဲ့သည်။

**○ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက မုဒိတာစကားပြောကြားရာ၌ ယခုကဲ့သို့ ဟာသလူရွှင်တော်များစွာကို စုစည်းညီညွတ်စွာ တွေ့မြင်ရခြင်းသည် အမှောင်မှ အလင်းရှိရာသို့ ရင်းနှီးချစ်ကြည်စွာ လက်တွဲလျှောက်လှမ်းကြသည့် အနုပညာရှင်မိသားစုကြီးအဖြစ် မြင်မိပါကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ကလည်း ဟာသပညာရှင်ကြီးများအပေါ် အလေးထား၍ မြန်မာနိုင်ငံဟာသပညာရှင်များ အစည်းအရုံး (ဗဟို) ဖြစ်ပေါ်လာစေရေး လမ်းညွှန်မှုများ ပေးခဲ့ပါကြောင်း၊ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်တွင် ဟာသပညာရှင်များ ရှာတည်ရန် မြေငါးဧက ခွင့်ပြုချထားပေးပြီး ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ကလည်း ငွေကျပ်သိန်း ၁၀၀၀ မတည်ပေးထားကြောင်း ပြောကြားသွားပါသည်**

ရိုးရာအိမ် ရှစ်အိမ်မှာ ယဉ်ကျေးမှုဝန်ထမ်းတွေ ခန့်ထားသလို မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့်အညီ မြန်မာ့ဆိုင်းဝိုင်းကြီးတစ်စုံလည်း ပေါ်ပေါက်လာခဲ့သည်။ ရွှေတံဆိပ်ဆုများရှင် ရွှာစားကျော် စိန်လှမြိုင်နှင့် ဗိုလ်ရှိုင်းတို့က ဝိုင်းတော်တီး၊ နေဇော်မင်းက နှဲ၊ ခင်ဇော်ထွန်းက မောင်း၊ မင်းဝေအောင်က ကြေးမောင်း၊ ဗိုလ်ရှိုင်း၏ ဖခင်ဖြစ်သူ ဦးတင်ရွှေက စည်းဝါး၊ အနီး အောင်ချစ်က ပတ်မတီး ဖြစ်သည်။ ရွှာစားကျော် စိန်လှမြိုင်၏ တပည့်သားသမီးများပီပီ သည်ကလေးအုပ်စုက ဆိုကရေးတီးပြိုင်ပွဲတွေမှာ ရွှေတံဆိပ်ဆုတွေ ရရှိထားကြသူများ ဖြစ်ကြသည်။ သူတို့အဖွဲ့တွေရော၊ နတလသင်္ကြန်ယိမ်းအဖွဲ့တွေပါ ၂၀၀၉၊ ၂၀၁၀ နေပြည်တော် မြန်မာ့ရိုးရာသင်္ကြန်ပွဲတော်မှာ သွားရောက်ဖျော်ဖြေခဲ့ကြရာ ကျွန်တော်က အုပ်ချုပ်သူအဖြစ် တာဝန်ယူခဲ့ရ၍ အားလုံးနှင့် ရင်းနှီးနေခြင်း ဖြစ်ပါသည်။

### အခမ်းအနားသို့ တက်ရောက်ချီးမြှင့်

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ဒုတိယဝန်ကြီးများ ဖြစ်ကြသော ဦးရဲတင့်၊ ဗိုလ်ချုပ်ဇော်မင်းထွန်း၊ ဦးမြင့်စိုး၊ ဒေါက်တာစိုးဝင်း၊ ဒုတိယစာရင်းစစ်ချုပ် ဒေါ်နိုင်သက်ဦး၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ပြည်သူ့စစ်နှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံးမှ ဒုတိယ ညွှန်ကြားရေးမှူးများဖြစ်ကြသော ဗိုလ်မှူးချုပ်ရဲရင့်အောင်နှင့် ဗိုလ်မှူးချုပ်စိုးသန်းတို့ တက်ရောက်ကြသည်။ နိုင်ငံကျော် အနုပညာရှင်များ ဖြစ်ကြသော အကယ်ဒမီရန်အောင်၊ အကယ်ဒမီစိုးသူ၊ အကယ်ဒမီစိုးမြတ်သူဇာ၊ အကယ်ဒမီစိုးမြတ်နန္ဒာတို့လည်း ပါဝင်တက်ရောက်ပြီး ကိုရန်အောင်နှင့် ကိုစိုးသူက ဝါဆိုသီချင်းဖြင့် ဖျော်ဖြေတင်ဆက်သွားသေးသည်။ အသက် ၆၅ နှစ်အထက် သက်ကြီးလူရွှင်တော်များကန်တော့ပွဲသို့ ကန်တော့ခံ ပုဂ္ဂိုလ် ၁၅၆ ဦးရှိသည့်အနက် ၁၀၆ ဦး ရောက်ရှိ ကန်တော့ခံခဲ့ကြောင်းနှင့် ဟာသလူရွှင်တော် စုစုပေါင်း ၄၀၀ ကျော် တက်ရောက်ကြကြောင်း သိရသည်။ အခမ်းအနားအစီအစဉ်အရ ဟာသပညာရှင်များက မြန်မာနိုင်ငံဟာသပညာရှင်များ အစည်းအရုံး သီချင်းကို သီဆိုဖျော်ဖြေ တင်ဆက်ကြသည်။

ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက မုဒိတာစကားပြောကြားရာ၌ ယခုကဲ့သို့ ဟာသလူရွှင်တော်များစွာကို စုစည်းညီညွတ်စွာ တွေ့မြင်ရခြင်းသည် အမှောင်မှ အလင်းရှိရာသို့ ရင်းနှီးချစ်ကြည်စွာ လက်တွဲလျှောက်လှမ်းကြသည့် အနုပညာရှင် မိသားစုကြီးအဖြစ် မြင်မိပါကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ကလည်း ဟာသပညာရှင်ကြီးများအပေါ် အလေးထား၍ မြန်မာနိုင်ငံဟာသပညာရှင်များ အစည်းအရုံး (ဗဟို) ဖြစ်ပေါ်လာစေရေး လမ်းညွှန်မှုများ ပေးခဲ့ပါကြောင်း၊ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်တွင် ဟာသပညာရှင်များ ရှာတည်ရန် မြေ ငါးဧက ခွင့်ပြုချထားပေးပြီး ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ကလည်း ငွေကျပ်သိန်း ၁၀၀၀ မတည်ပေးထားကြောင်း ပြောကြားသွားပါသည်။ ဆက်လက်၍ မြန်မာနိုင်ငံဟာသပညာရှင်များ အစည်းအရုံး(ဗဟို) ဥက္ကဋ္ဌ ဦးဒိန်းဒေါင်က ၂၀၀၉ ခုနှစ်တွင် လူရွှင်တော်အသင်းအမည်ဖြင့် စတင်ဖွဲ့စည်းခဲ့ပါကြောင်း၊ ထိုမှ ချွန်တွန်းပရဟိတအသင်းဟု ပြင်ဆင်ဖွဲ့စည်းပြီး သက်ကြီးဟာသပညာရှင်ကြီးများ၏ နေရေးထိုင်ရေး၊ စားသောက်ရေးကိစ္စအဝဝကို ကူညီဆောင်ရွက်ပေးခဲ့ကြပါကြောင်း၊ ပြီးခဲ့သည့်နှစ်များက ဟာသပညာရှင်ကြီးများသည် အိမ်ငှားစရိတ်ပင် မပေးနိုင်ကြခြင်း၊ နေထိုင်စားသောက်ရေး အဆင်မပြေခြင်းများ ကြုံတွေ့လာရသဖြင့် ဟာသပညာရှင် လူငယ် ၁၀၀၀ ခန့်ဖြင့် မြို့ရွာအနှံ့အပြားမှာ လှည့်လည်အလှူခံခဲ့ကြကြောင်း၊ အခက်အခဲမျိုးစုံကြားမှ ကူညီဆောင်ရွက်ပေးကြသည့် ထိုလူငယ်လေးများကိုလည်း ကျေးဇူးအထူးတင်ပါကြောင်း၊ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ကူညီစောင့်ရှောက်မှုဖြင့် ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်တွင် မြန်မာနိုင်ငံဟာသပညာရှင်များ အစည်းအရုံးကို ဖွဲ့စည်းနိုင်ခဲ့ပြီဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသွားသည်။

### အငြိမ့်ခန်းလေး ထည့်သွင်းဖျော်ဖြေ

အခမ်းအနားအစီအစဉ်ကြီး ရိုးအီမသွားရလေအောင်ကြားထဲမှာ အငြိမ့်ခန်းလေး ထည့်ထားပါသေးသည်။ မင်းသမီးကတော့ နေခြည်ငြိမ်းချမ်း ဖြစ်သည်။ သူ့ဖခင် ဦးငြိမ်းချမ်းသည် မြန်မာနိုင်ငံဟာသပညာရှင်များ အစည်းအရုံးမှာ နာယကလည်းဖြစ်၊ အကြံပေးလည်းဖြစ်၊ လူရွှင်တော်အသင်းနှင့် ချွန်တွန်းပရဟိတအသင်းဘဝကတည်းက ကိုယ်ရောစိတ်ပါနှစ်၍ အပင်ပန်းခံ

*စာမျက်နှာ ၁၁ သို့*

*စာမျက်နှာ ၁၁ မှ*

ဆောင်ရွက်ခဲ့သူလည်းဖြစ်ကြောင်း သိရသည်။ အငြိမ့်ခန်းလူရွှင်တော်များက နှစ်ဖွဲ့ခွဲ၍ ထွက်လာသည်။ ပထမလေးယောက်မှာ ပေါ်ဦး၊ ပန်းသီး၊ အောင်ချစ်နှင့် ကျော်သက်တို့ဖြစ်ကြပြီး အောင်ချစ်၏ ခွန်းထောက်သီဆိုမှုနှင့် စတင်ခဲ့သည်။ သူ၏ အဆိုအပြောကောင်းတာတွေကို ငယ်စဉ်ကတည်းက ကျွန်တော် မြင်ဖူးခဲ့၍ မအံ့သြတော့ပါ။ ကိုပေါ်ဦးကလည်း နဂါးနီသီချင်းအလိုက်ဖြင့် ကိုဗစ်ရောဂါကာကွယ်ရေး၊ မိုခါမုန်တိုင်းသင့်ဒေသများကို နိုင်ငံသားအားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေးအတွက် သူကိုယ်တိုင်စပ်ဆိုထားသည့်သီချင်းကို သီဆိုသွားခဲ့သည်။ သူတို့နောက်ကထွက်လာသည့်အတွဲကလည်း လူညီသလို လက်ရည်နှုတ်ရည်ညီသည်ဟု ပြောရမလားမသိ။ ရာဇာပေါက်စီ၊ လန်ဒန်၊ ရွှင်ပျော်၊ ငွေတိုးတို့အတွဲ ဖြစ်ပါသည်။

### ဂုဏ်ပြုဆုများ ချီးမြှင့်ခဲ့သည်

အခမ်းအနားတွင် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက သက်ကြီးဟာသပညာရှင်ကြီးများ ဖြစ်ကြသော ဦးမိုးဒီ၊ ဦးပေါ်လေး၊ ဦးစံမိုး၊ ဦးကျင်ဝှက်၊ ဦးမိုးကျော်၊ ဦးရွှေဂဲ၊ ဦးမန်းကျော်၊ ဦးဖိုးဆောင်း၊ ဦးချစ်စရာနှင့် ဦးဝါမင်းတို့ကို ဂုဏ်ပြုဆုတံဆိပ်များ ချီးမြှင့်ပေးအပ်ခဲ့ပါသည်။ ထိုပုဂ္ဂိုလ်ကြီးများထဲက ဦးဝါမင်းဆိုလျှင် အသက် ၉၃ နှစ် ရှိပြီဖြစ်၍ စင်ပေါ်သို့ ပွဲ့ချီခေါ်လာရသည်ကို တွေ့ရသည်။ အနုပညာဖြင့် ဘဝကို ရှင်သန်ခဲ့ပြီး ယခုလို သံယောဇဉ်ကြီးစွာ အရောက်လာခဲ့ခြင်းကိုက အလွန်လေးစားစရာ ဖြစ်ခဲ့သည်။ ဂုဏ်ပြုဆုများ ပေးအပ်အပြီးတွင် ဟာသသရုပ်ဆောင် အကယ်ဒမီ ဦးမိုးဒီက ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့သည်။ ဦးမိုးဒီကို ကြည့်နေရင်းက သူနှင့်အတူ ဦးစိန်မာဒင်၏ ဇာတ်ထဲမှာအတူကပြရင်း အနုပညာခရီးလမ်းကို လျှောက်လှမ်းခဲ့ကြသည့် ရုပ်ရှင်သရုပ်ဆောင် အကယ်ဒမီမော့စ် (ကွယ်လွန်) ကို သတိရမိလိုက်၏။ ဆက်လက်၍ ဒုတိယဝန်ကြီး ဦးရဲတင့်က အကယ်ဒမီဆုရ ဦးအုန်းသီးအား ဂုဏ်ပြုဆုချီးမြှင့်သည်။ ယင်းနောက် ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇော်မင်းထွန်းက လူမှုထူးချွန်(ဒုတိယဆင့်)ရ ဦးဒိန်းဒေါင်အား ဂုဏ်ပြုဆုချီးမြှင့်သည်။ အစီအစဉ်အရ ဥက္ကဋ္ဌ ဦးဒိန်းဒေါင်က ဦးငြိမ်းချမ်းနှင့် ဦးအောင်ချစ် တို့အား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ပါသည်။

ကြားဖြတ်အစီအစဉ်အရ တင်ဆက်ကပြသွားသော **"ပြုံးနေပေးပါ ဟာသဆရာ"** တစ်ခန်းရပ်အစီအစဉ်လေးလည်း ကြည့်လို့ကောင်းပါသည်။ ဟာသအနုပညာရှင်များ အထူးသဖြင့် သက်ကြီးဟာသပညာရှင်ကြီးများအနေဖြင့် ရုပ်ရှင်၊ သဘင်၊ အငြိမ့်တို့တွင် အနုပညာလုပ်ငန်းများ ဝင်ရောက်လုပ်ကိုင်ရာ၌ အခက်အခဲပေါင်းစုံ ကြုံကြရသလို မိမိတို့ အနုပညာအပေါ် ထိပါးပွတ်တိုက်ခံရမှုများနှင့်လည်း ကြုံရသည်ကို ဖော်ညွှန်းပြသသွားကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် ဒုတိယဝန်ကြီးများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များက ကန်တော့ခံဟာသပညာရှင်ကြီးများအား ကန်တော့ခံပစ္စည်းများ ပေးအပ်ခဲ့ကြပါသည်။ ကန်တော့ခံများထဲ၌ ဆရာတော်ကြီး ခုနစ်ပါးလည်း ပါဝင်နေပါသည်။

### ဟာသပညာရှင်တို့ နေဝင်ချိန်

ကိုဒိန်းဒေါင် ရေးဖွဲ့စပ်ဆိုထားသော ကဗျာလေးနှင့် ကျွန်တော်၏ ဆောင်းပါးကို နိဂုံးကမွတ် အဆုံးသတ်ပါမည်။

**ဇမ္ဗူတစ်ခွင်ပျော်ဖို့**
**ပြုံး၊ မဲ့၊ ငို၊ ရီ**
**မြို့နယ်၊ ပြည်ရွာ**
**နေ့၊ ည မအား**
**ရက်ကို လ စား**
**ဇရာဖိစီး**
**ဆက်လက်ပျော်စွာ**
**အိုမင်းလကမ္ဘာ**
**ပရိသတ်ရင်ခွင်**
**စွမ်းဆောင်နိုင်အား**

**လူရွှင်တော်တို့**
**အလီလီနဲ့**
**လှည့်ပတ်ကာဖြင့်**
**ကြိုးစားခဲ့သည်**
**လ နှစ်စားနှင့်**
**ဒီခရီးကို**
**လျှောက်ချင်ပါလဲ**
**တုန်ချိစွာမို့**
**ပျော်ပွဲဆင်အောင်**
**မဲ့ခဲ့ပြီ**

### ပြည်သူချစ်သော အနုပညာရှင်များအဖြစ်

ထိုအခမ်းအနားကိုတက်ရင်း ကျွန်တော် အတွေးနယ် ဖြန့်ကြက်မိသည်ကတော့ ဟာသပညာရှင်ကြီးများအပါအဝင် အနုပညာရှင်များကို နိုင်ငံတော်က အားပေးပါသည်။ အနုပညာသည် ပြည်သူအတွက် ဖြစ်ရမည်။ ပြည်သူ့အကျိုးကို ရွက်သယ်ပိုးနေသည့် အနုပညာရှင်များ အားလုံးကို နိုင်ငံတော်အစိုးရက ထိုက်သင့်သော ချီးမြှောက်မှုများ ပြုလုပ်ပေးနေပါသည်။ ဘဝနောင်ရေးအတွက်လည်း တတ်စွမ်းသမျှ ဖြည့်ဆည်းကူညီဆောင်ရွက်ပေးနေပါသည်။ ပြန်ကြားရေးဝန်ကြီး မိန့်ကြားသွားသကဲ့သို့ အလွန်ချစ်စရာကောင်းသော၊ ဖြူစင်သော၊ တန်ဖိုးသတ်မှတ်၍ မရသော အနုပညာကို အရောင်မဆိုးကြဖို့ လိုပါသည်။ အနုပညာရှင်တိုင်းကို ပြည်သူအားလုံးက ချစ်ပါသည်။ ပြည်သူချစ်သော အနုပညာရှင်များအဖြစ် အမြဲထာဝရ ရှင်သန်ရပ်တည်သွားနိုင်ကြပါစေ ဟူ၍သာ...။ ။




စာရေးသူ၏ အလှူငွေပေးအပ်ခြင်းကို ကိုငြိမ်းချမ်း၊ ကိုဒိန်းဒေါင်နှင့် ကိုအုန်းသီးတို့ လက်ခံရယူပေးစဉ်။



စာရေးသူနှင့် လွန်ခဲ့သည့် ၁၆ နှစ်ကတည်းက ခင်မင်ရင်းနှီးခဲ့သော ဟာသသရုပ်ဆောင် အောင်ချစ်။

## ချောင်းဦးမြို့နယ်၌ လူငယ်အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲပြုလုပ်



**ချောင်းဦး ဇူလိုင် ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့ အစိုးရနည်းပညာ အထက်တန်းကျောင်းခန်းမ၌ ဇူလိုင် ၁၇ ရက်က လူငယ်အသိ ပညာပေးဟောပြောပွဲ၊ နံရံကပ်စာစောင်နှင့် ဓာတ်ပုံပြပွဲပြုလုပ်သည်။

ပထမဦးစွာ အစိုးရနည်းပညာအထက်တန်းကျောင်း(ချောင်းဦး)၏ ကျောင်းအုပ်ဆရာမကြီး ဒေါ်မျိုးမျိုးကြည်က မိတ်ဆက်စကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးထိန်လင်းက လူငယ်နှင့်အနာဂတ် ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မြို့နယ်အားကစားမှူး ဒေါ်မာလာခိုင်က လူငယ်နှင့်အားကစား ခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောသည်။

ယင်းနောက် တက်ရောက်လာသည့် ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများအား တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ထုတ်ဝေသည့် ကလေးအလုပ်သမားပပျောက်ရေး ပိုင်းဝန်းကာကွယ်စောင့်ရှောက်ပေးဖေယျာရွှေမြေ လက်ကမ်းစာစောင်နှင့် အားကစားစာစောင်များ အခမဲ့ဖြန့်ဝေပေးခဲ့သည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပြသထားသည့် ကလေးအလုပ်သမားပပျောက်ရေး၊ မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေး နံရံကပ်စာစောင်နှင့် ဓာတ်ပုံများကို ကျောင်းသားလူငယ်များအား ရှင်းလင်းပြသခဲ့သည်။

**ဝင်းမြင့်အောင်(ပြန်/ဆက်)**

## အထက (သမိန်ထော)၌ အာဇာနည်နေ့ အထိမ်းအမှတ် ဟောပြောပွဲကျင်းပ

**ဖျာပုံ ဇူလိုင် ၁၈**

ဖျာပုံမြို့နယ် သမိန်ထောကုန်းတန်းကျေးရွာ အထက (သမိန်ထော) ကျောင်း၌ အာဇာနည်ခေါင်းဆောင်ကြီးများ၏ ကိုယ်ကျိုးစွန့်အနစ်နာခံကြိုးပမ်းဆောင်ရွက်ချက်များကို နားလည်သဘောပေါက်စေရန် ရည်ရွယ်၍ (၇၆) နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ် အသိပညာပေးဟောပြောပွဲကို ဇူလိုင် ၁၇ ရက်က ဖျာပုံမြို့နယ် အထက (သမိန်ထော) ကျောင်း အနန္တဂုဏ်ရည်ခန်းမ၌ ကျင်းပသည်။

ဟောပြောပွဲတွင် ကျောင်းအုပ်ဆရာကြီး ဦးအောင်ကျော်ဦးက အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မာမာလွင်က "အာဇာနည်နေ့ဖြစ်ပေါ်လာပုံ၊ ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများ၏ လွတ်လပ်ရေးရရှိရန် ကြိုးပမ်းဆောင်ရွက်မှုများကို ဟောပြောသည်။

ဆက်လက်၍ မြို့နယ်အားကစားမှူး ဒေါ်နွယ်နွယ်လှိုင်က အနာဂတ်လူငယ်များဖွံ့ဖြိုးတိုးတက်ရေး လူငယ်များအနေဖြင့် ကျောင်းပညာရေးအပြင် အားကစားကဏ္ဍ အထူးလေ့လာလိုက်စားစေလိုကြောင်း၊ သို့မှသာ ကျန်းမာကြံ့ခိုင်ပြီး ထူးချွန်ထက်မြက်သော အားကစားသမားကောင်းများ ဖြစ်လာမည်ဖြစ်ကြောင်း အသိပညာပေးဟောပြောသည်။



**ခရိုင်(ပြန်/ဆက်)**

## ကသာမြို့၌ အာဇာနည်နေ့အထိမ်းအမှတ် ဟောပြောပွဲနှင့်နံရံကပ်စာစောင်ပြပွဲပြုလုပ်

**ကသာ ဇူလိုင် ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့ အမှတ်(၁)အခြေခံပညာအလယ်တန်းကျောင်း သရဖီဆောင်အစည်းအဝေးခန်းမ၌ (၇၆)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် ဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲကို ယနေ့နံနက် ၈ နာရီက ကျင်းပသည်။

ဟောပြောပွဲတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက အာဇာနည်နေ့ ဖြစ်ပေါ်လာပုံသမိုင်းကြောင်းကို ဟောပြောပြီး လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စောကလျာက အာဇာနည်စိတ်ဓာတ်နှင့် နာမည်ကောင်းသည့် လူတော်လူကောင်းများအကြောင်း အသိပညာပေး ဟောပြောသည်။ ထို့နောက် (၇၆)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် အာဇာနည်ခေါင်းဆောင်ကြီးများ၏ အတ္ထုပ္ပတ္တိအကျဉ်းနှင့် လွတ်လပ်ရေးကြိုးပမ်းမှု မှတ်တမ်းဓာတ်ပုံနှင့် ပန်းချီကားများ ခင်းကျင်းပြသထားရှိမှုကို ကျောင်းဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက လေ့လာကြည့်ရှုခဲ့သည်။ **ကျော်စွာ(ကသာ)**

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန် ပုဗ္ဗသီရိနှင့် ဒက္ခိဏသီရိမြို့နယ်များအတွင်း လမ်းများတိုးချဲ့ဆောင်ရွက်နေမှုကြည့်ရှု

နေပြည်တော် ဇူလိုင် ၁၈

**နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန် ဦးတင်ဦးလွင်သည် နေပြည်တော် စည်ပင်သာယာရေးကော်မတီမှ ဒုတိယမြို့တော်ဝန် ဦးမောင်မောင်၊ အမြဲတမ်းအတွင်းဝန်၊ တာဝန်ရှိသူများနှင့်အတူ ဇူလိုင် ၁၇ ရက်က ပုဗ္ဗသီရိနှင့် ဒက္ခိဏသီရိမြို့နယ်များအတွင်း Box Culvert နှင့်လမ်းများ တိုးချဲ့ဖောက်လုပ်နေမှုနှင့် သာယာလှပရေးလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။**



နံနက်ပိုင်းတွင် မြို့တော်ဝန်နှင့် တာဝန်ရှိသူများသည် ပုဗ္ဗသီရိမြို့နယ်ရှိ ကုမုဒြာကြာပန်းအဝိုင်းအနီး Free Way လမ်း တိုးချဲ့ဖောက်လုပ်နေမှုကိုလည်းကောင်း၊ ဒက္ခိဏသီရိမြို့နယ် ရာဇသင်္ဂဟလမ်းမှ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့သွားသော အဓိကလမ်းမကြီးဖြစ်သည့် စံပယ်လမ်း လမ်းကွေ့နေရာတွင် Free Way လမ်းတိုးချဲ့ဖောက်လုပ်နေမှု၊ Box Culvert လုပ်ငန်းဆောင်ရွက်နေမှု၊ စံပယ်လမ်းဘေး မြက်ခင်းနှင့် ပန်းအလှပင်များ စိုက်ပျိုးရန်အတွက် မြေသားပြုပြင်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုကိုလည်းကောင်း၊ မြတ်မင်္ဂလာလမ်းခြောက်လမ်းသွား တိုးချဲ့ဖောက်လုပ်မည့်နေရာနှင့် သံတမန်ဇုန်အတွင်းရှိ သစ်ခွလမ်းနှင့် မြတ်မင်္ဂလာလမ်း ချိတ်ဆက်ဖောက်လုပ်ခြင်းနှင့် မြေသားပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကိုလည်းကောင်း၊ နေပြည်တော် မြို့ပတ်လမ်း လမ်းလယ်ကျွန်းအတွင်း မြက်ခင်း၊ အရိပ်ရပင်နှင့် ထန်းပင်များ ပြင်ဆင်စိုက်ပျိုးနေမှုကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး မြို့တော်ဝန်က လမ်းလယ်ကျွန်းအတွင်း နှစ်ရှည်ပင်များ စိုက်ပျိုးရာတွင် လမ်းမီးတိုင်များနှင့် လွတ်ကင်းမှုရှိစေရန်အတွက် သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ကြရန်နှင့် လုပ်ငန်းလိုအပ်ချက်များကို မှာကြားသည်။

မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ပြီး နေပြည်တော်အတွင်း ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးအတွက် မော်တော်ဆိုင်ကယ်များ၊ မော်တော်ယာဉ်များ မောင်းနှင်ရာတွင် သတ်မှတ်စည်းကမ်းများနှင့်အညီ မောင်းနှင်စေရေး၊ အရက်သေစာသောက်စားပြီး မမောင်းစေရေး၊ သတ်မှတ်မိုင်နှုန်း ကျော်လွန်မမောင်းစေရေးတို့ကို ထိန်းသိမ်းကြပ်မတ်ဆောင်ရွက်ရန်နှင့် ပြည်သူများ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ လိုက်နာစေရေးအတွက် အသိပညာပေးလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ရန် မှာကြားသည်။

အစည်းအဝေးတွင် နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးဇေယျာလင်းက ယာဉ် အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးအတွက် ဆောင်ရွက်နေသည့် လုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး တက်ရောက်လာသည့် ဌာနများက သက်ဆိုင်ရာ ကဏ္ဍအလိုက် ဆောင်ရွက်နေမှုများကို တင်ပြကြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် အဆိုပါရုံး၌ ကျင်းပသည့် နိုင်ငံ့စီးပွားမြှင့်တင်ရေး၊ စိုက်ကေတိုးချဲ့စိုက်ပျိုးရေး၊ သီးထပ်တိုးချဲ့စိုက်ပျိုးရေးလုပ်ငန်းများနှင့်စပ်လျဉ်းသည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ပြီး တောင်သူများ၏ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်ပြီး တစ်ဦးချင်းဝင်ငွေတိုးတက်ရေးအတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ စိုက်ပျိုးရေးတွင် ပန်းတိုင်အထွက်နှုန်းများ ရရှိစေရေးအတွက် (မျိုး၊ မြေ၊ ရေ၊ နည်း) လစ်ဟာမှုမရှိအောင် ဆောင်ရွက်စေလိုကြောင်း၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးလုပ်ငန်း ဆောင်ရွက်ရာတွင် စိုက်ကေတိုးချဲ့စိုက်ပျိုးရေး၊ သီးထပ်တိုးချဲ့စိုက်ပျိုးရေးလုပ်ငန်းများအပြင် မွေးမြူရေးကဏ္ဍကိုလည်း ဖွံ့ဖြိုးတိုးတက်အောင် အလေးထားအကောင်အထည်ဖော်ဆောင်ရွက်စေလိုကြောင်း၊ စားရေရိက္ခာဖူလုံရေးနှင့် ဝမ်းစာပြည့်မီရေးအတွက် အလေးထား ဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဌာနဆိုင်ရာများ၊ ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများ၊ စိုက်ပျိုးရေးလုပ်ငန်းရှင်များနှင့် မွေးမြူရေးလုပ်ငန်းရှင်များက နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် ဆောင်ရွက်နေသည့် လုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြပြီး နေပြည်တော်ကောင်စီအဖွဲ့ဝင်များက ဖြည့်စွက်ဆွေးနွေးတင်ပြကြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက တင်ပြချက်များအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ကချင်ပြည်နယ်ဝန်ကြီးချုပ် နန်ဆန်ယန်ဒေသမှ တိမ်းရှောင်လာသော ဒေသခံပြည်သူများအား ဒုတိယအကြိမ်ထောက်ပံ့

**မြစ်ကြီးနား ဇူလိုင် ၁၈**

ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ်အတွင်း မြစ်ကြီးနား-ဗန်းမော်သွားလမ်းပေါ်ရှိ နန်ဆန်ယန်ဒေသမှ ဝိုင်းမော်မြို့ အမှတ်(၂)ရပ်ကွက် RC ဘုရားကျောင်း၊ မိုင်းနား AG စခန်း၊ ဒဘတ်ယန်ကျေးရွာ၊ ကဇူးကျေးရွာနှင့် မိုင်းနား RC စခန်းတို့တွင် ခေတ္တတိမ်းရှောင်လာသည့် ဒေသခံပြည်သူများအား မိုင်းနားကျေးရွာ မိုင်းနား RC စခန်း၌ ဇူလိုင် ၁၆ ရက်က ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်နှင့် တာဝန်ရှိသူများက သွားရောက်ထောက်ပံ့ခဲ့ကြသည်။



ထိုသို့ တိမ်းရှောင်ပြည်သူများအားသွားရောက်တွေ့ဆုံ ထောက်ပံ့ရာတွင် ပြည်နယ်ဝန်ကြီးချုပ်က နန်ဆန်ယန်ဒေသမှ မိုင်းနား RC စခန်း၊ ဒဘတ်ယန်ကျေးရွာ၊ ကဇူးကျေးရွာများသို့ ထပ်မံတိမ်းရှောင်ရောက်ရှိလာသည့် အိမ်ထောင်စု ၆၈ စု၊ လူဦးရေ ၂၂၉ ဦးတို့အား ရင်းရင်းနှီးနှီးတွေ့ဆုံ၍ မိသားစုများ လတ်တလောနေထိုင်စားသောက်မှု အဆင်ပြေစေရေး၊ ကလေးငယ်များ၏ ပညာသင်ကြားရေးအတွက် စီမံဆောင်ရွက်ပေးနိုင်ရေး စသည့်တို့ကို ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက အိမ်ထောင်စုများအတွက် ဆန်အိတ် ၂၀၊ ခေါက်ဆွဲခြောက်ဖာ ၂၀၊ ကြက်ဥအလုံး ၂၀၀ နှင့် ကျောင်းသားကျောင်းသူများအတွက် ကျောပိုးအိတ်၊ ဗလာစာအုပ်နှင့် စာရေးကိရိယာများ၊ အခြေခံပညာမူလတန်းကျောင်း ဆရာ ဆရာမ ရှစ်ဦးတို့အတွက် ထောက်ပံ့ငွေကျပ် ရှစ်သိန်း၊ ဆန်အိတ်ရှစ်အိတ်တို့ကို ထောက်ပံ့ပေးအပ်ရာ နန်ဆန်ယန်ပြည်သူများကိုယ်စား ဒေသခံတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး ရပ်မိ/ရပ်ဖ ဦးဖော်လားဂမ်ဖန်နှင့် ကက်သလစ်ဘုန်းတော်ကြီး ဖာသာယုံဝါတို့က အားပေးစကားပြောကြားကာ ဆုတောင်းဆက်ကပ်ပေးသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများအား ရင်းရင်းနှီးနှီးတွေ့ဆုံအားပေးကာ ကျောင်းသားကျောင်းသူများ ယာယီစာသင်ကြားနိုင်ရေးအတွက် ဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေး တာဝန်ရှိသူများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

အဆိုပါ နန်ဆန်ယန်ဒေသမှ ခေတ္တတိမ်းရှောင်လာသော ပြည်သူများအား ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဇူလိုင် ၄ ရက်ကလည်း ဝိုင်းမော်မြို့ AG အသင်းတော် ကျောင်းဝင်းအတွင်း အိမ်ထောင်စု ၈၂ စု၊ လူဦးရေ ၃၁၀ တို့အား သွားရောက်တွေ့ဆုံအားပေးကာ ဆန်၊ ခေါက်ဆွဲခြောက်နှင့် ဆေးစိမ်ခြင်ထောင်များကို ထောက်ပံ့ပေးအပ်သည်။ **ပြည်နယ်(ပြန်/ဆက်)**

## ဖြူးမြို့နယ်၌ စိုက်ပျိုးရေးလုပ်ငန်းများ အဆင်ပြေစေမည့် ကုန်ထုတ်လမ်းဆောင်ရွက်

**ဖြူး ဇူလိုင် ၁၈**

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် ဦးကြူးစုကျေးရွာအုပ်စု ဦးကြူးစုကျေးရွာရှိ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများအတွက် အဆင်ပြေစေမည့် ကုန်ထုတ်လမ်းဖောက်လုပ်ရာတွင် လမ်းမြေသားခင်းခြင်းအပိုင်း၊ ကျောက်ရောမြေခင်းခြင်းအပိုင်းနှင့် Pipe Culvert လုပ်ငန်းကို သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှကြီးကြပ်၍ ဇွန်လပထမပတ်က စတင်ဆောင်ရွက်လျက်ရှိသည်။

ဦးကြူးစုကျေးရွာ ကုန်ထုတ်လမ်းအား ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေကျပ် ၄၉ ဒသမ ၀၃ သန်းဖြင့် မြေသားလမ်းအရှည် (၀/၅ ဒသမ ၆) မိုင်၊ လမ်းအကျယ် ၁၄ ပေ၊ ကျောက်ရောမြေခင်းခြင်းနှင့် Pipe Culvert တစ်စင်းလုပ်ငန်းများကို တင်ဒါအောင်မြင်သည့် ကုမ္ပဏီက ဆောင်ရွက်နေခြင်းဖြစ်ပြီး အောက်တိုဘာလအတွင်း အပြီးသတ် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**



## ရသေ့တောင်မြို့နယ်၌ ရေသန့်စင်စက်ရုံ ပြုပြင်ဆောင်ရွက်ပြီးစီး

ရသေ့တောင် ဇူလိုင် ၁၈

ရခိုင်ပြည်နယ် ရသေ့တောင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြို့နယ်ကျေးလက်ဦးစီးမှူး ဦးတင်မောင်ဦး(လက်ထောက် ညွှန်ကြားရေးမှူး နည်းပညာ)နှင့်အဖွဲ့သည် ဇူလိုင် ၁၆ ရက်က မိုခါဆိုင်ကလုန်းမုန်တိုင်းတိုက်ခတ်မှုကြောင့် ပျက်စီးသွားသော ရသေ့တောင်မြို့နယ် ပြားချောင်းကြီးကျေးရွာ၌ Life Straw ရေသန့်စင်စက်ရုံပျက်စီးမှုကို ပြန်လည်ပြုပြင်ပြီး ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးမှုကို ကွင်းဆင်းစစ်ဆေးကြပြီး ကျေးရွာကော်မတီများအား ရေရှည်သုံးစွဲနိုင်ရေး ဝိုင်းဝန်းထိန်းသိမ်းပေးကြရန် ရှင်းလင်းပြောကြားသည်။

**အောင်လှဖြူ(ရမ်းဗြဲ)**

# နိုင်ငံရပ်ခြားသို့ အလုပ်ထွက်လုပ်သော နီပေါနိုင်ငံသား စံချိန်တင်မြင့်တက်ဟုဆို



နိုင်ငံရပ်ခြားသို့ အလုပ်ထွက်လုပ်မည့် နီပေါရွှေ့ပြောင်းလုပ်သားများကို ခတ္တမန္ဒူလေဆိပ်၌ တွေ့ရစဉ်။

**ခတ္တမန္ဒူ ဇူလိုင် ၁၈**

နီပေါနိုင်ငံ၌ ဇူလိုင်လလယ်တွင် အဆုံးသတ်သော ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း နိုင်ငံခြားသို့ သွားရောက် အလုပ်လုပ်သော အရေအတွက်သည် စံချိန်တင် မြင့်တက်လျက်ရှိကြောင်း ဇူလိုင် ၁၈ ရက်တွင် အစိုးရတာဝန်ရှိသူ တစ်ဦးက ပြောသည်။

နိုင်ငံရပ်ခြားတွင် အလုပ်လုပ်ရန် ခွင့်ပြုချက်ရရှိသော အလုပ်သမား အရေအတွက်ပေါင်းမှာ ၇၇၁၃၂၇ ဦးရှိပြီး အများစုမှာ အသက် ၄၀ အောက်အရွယ်များ ဖြစ်ကြောင်း နိုင်ငံခြားအလုပ်အကိုင် ဦးစီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ ဂူရူဒတ်တာဆူဘီဒီက ပြောသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် နိုင်ငံရပ်ခြားသို့ အလုပ်ထွက်လုပ်သော နီပေါနိုင်ငံသား ဦးရေမှာ ၆၉၃၀၃၂ ဦးရှိပြီး အဆိုပါ အရေအတွက်မှာ ထိုအချိန်က အများဆုံး ပမာဏဖြစ်ကြောင်း သိရသည်။

နှစ်စဉ် နီပေါနိုင်ငံသား ၅၀၀၀၀၀ ခန့် အလုပ်အကိုင်ဈေးကွက်သို့ ဝင်ရောက်မှုရှိသော်လည်း နီပေါနိုင်ငံအနေဖြင့် ၎င်းတို့ထဲမှ လူပေါင်း ၈၀၀၀၀ ဝန်းကျင်ခန့်ကိုသာ အလုပ်အကိုင် အခွင့်အလမ်း ဖန်တီးပေးနိုင်ခဲ့ကြောင်း အလုပ်သမားဆိုင်ရာ လေ့လာရေးစင်တာမှ ကျွမ်းကျင်သူ ဂျီးဗန်ဘာနီယာက ပြောသည်။

ရွှေ့ပြောင်းလုပ်သား မြင့်တက်လာခြင်းက နီပေါနိုင်ငံအနေဖြင့် ငွေလွှဲပို့မှု ပိုမိုရရှိလာမည်ဖြစ်သော်လည်း တစ်ဖက်တွင် ဖွံ့ဖြိုးတိုးတက်မှုအတွက် လိုအပ်သော လူသားအရင်းအမြစ်များ ဆုံးရှုံးလျက်ရှိနေကြောင်း ၎င်းက ဆက်ပြောသည်။ **ဆင်ဟွာ**

## ဂရိနိုင်ငံ အေသင်အနီး တောမီးလောင်မှုကြောင့် ဘေးကင်းရာသို့ ပြောင်းရွှေ့

**အေသင် ဇူလိုင် ၁၈**

ဂရိမီးသတ်သမားများသည် အေသင်မြို့ အရှေ့တောင်ဘက် ကီလိုမီတာ ၃၀ အကွာ ကူဗာရက်မြို့အနီး၌ လောင်ကျွမ်းနေသော တောမီး၊ အေသင်မြို့ အနောက်တောင်ဘက် ကီလိုမီတာ ၈၀ အကွာ ကမ်းခြေအပန်းဖြေမြို့ လုထရက်ကီတွင် လောင်ကျွမ်းခဲ့သော တောမီးနှင့် တခြားနေရာနှစ်ခုတွင် လောင်ကျွမ်းခဲ့သော တောမီးများကို ငြိမ်းသတ်ခဲ့သည်။

တောမီးလောင်မှုကြောင့် သေဆုံး၊ ဒဏ်ရာရရှိသည့် သတင်းဖော်ပြချက်များကို မတွေ့ရှိရသော်လည်း တောမီးလောင်မှုကြောင့် ပိုင်ဆိုင်မှုပစ္စည်းများ ကြီးကြီးမားမားဆုံးရှုံးခဲ့ကြသည်။ အရှေ့တောင်ပိုင်း အုပ်ချုပ်ခွင့်ရဒေသတစ်ခုဖြစ်သည့် အာတီကာဒေသရှိ နာမည်ကြီးကမ်းခြေအပန်းဖြေ စခန်းများရှိ နေထိုင်သူများနှင့်အတူ အခြားအခြေချနေထိုင်သူမိသားစုငါးစုကို ဘေးကင်းရာသို့ ရွှေ့ပြောင်းပေးခဲ့ရသည်။

ရဲများသည် မီးရှို့မှုသံသယနှင့် အမည်မသိ လူတစ်ဦးကို ဖမ်းဆီးခဲ့ကြောင်း ဂရိအမျိုးသား သတင်းဌာနဖြစ်သည့် အမ်နာက ဖော်ပြခဲ့သည်။

ရဟတ်ယာဉ် ခြောက်စင်း၊ မီးသတ်လေယာဉ် ၁၀ စင်း အကူအညီနှင့်အတူ မီးသတ်သမား အနည်းဆုံး ၂၁၀ သည် ၁၂ ကီလိုမီတာပမာဏရှိ တောမီးကို ငြိမ်းသတ်နိုင်ရေး နာရီပေါင်းအတော်ကြာ ကြိုးစားခဲ့ကြသည်။ သို့သော်လည်း ၎င်းတို့၏ ကြိုးစားမှုများကိုပြင်းထန်သော လေပြင်းတိုက်ခတ်မှုများက နှောင့်ယှက်ဟန့်တားသလို ဖြစ်စေခဲ့သည်။

ဂရိနိုင်ငံတစ်ဝန်း တောမီးပေါင်း ၈၁ ခု လောင်ခဲ့သည်။ အဆိုပါ တောမီးများအနက် တောမီးလေးခုမှာ မီးသတ်တပ်ဖွဲ့အတွက် စိန်ခေါ်မှုဖြစ်ခဲ့ကြောင်း မီးသတ်ဌာန ပြောရေးဆိုခွင့်ရှိသူ အီယိုနာနက်စ်အာတိုပ္ပိုက်က အမ်နာသို့ ပြောခဲ့သည်။ **ဆင်ဟွာ**



ဂရိနိုင်ငံ အေသင်မြို့ အနောက်တောင်ဘက် ကီလိုမီတာ ၈၀ အကွာ ကမ်းခြေအပန်းဖြေမြို့ လုထရက်ကီတွင် လောင်ကျွမ်းနေသော တောမီးကိုတွေ့ရစဉ်။

## ထိုင်းဝန်ကြီးချုပ်နေရာအတွက် ပီထာလင်ဂျာရွန်ရတ် နောက်တစ်ကြိမ် ဝင်ရောက်ရွေးချယ်ခံမည်

ဘန်ကောက် ဇူလိုင် ၁၈

**ထိုင်းနိုင်ငံ၌ ရှေ့သို့ချီပါတီ ခေါင်းဆောင်က ၎င်းအနေဖြင့် နိုင်ငံ၏ဝန်ကြီးချုပ်သစ် ဖြစ်လာရေးနှင့်ပတ်သက်ပြီး လွှတ်တော်အတွင်း နောက်ထပ်တစ်ကြိမ် မဲခွဲဆုံးဖြတ်မှုတွင် ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။**



ရှေ့သို့ချီ ပါတီခေါင်းဆောင် ပီထာလင်ဂျာရွန်ရတ်သည် ပြီးခဲ့သည့် သီတင်းပတ်က ပထမအကြိမ် လွှတ်တော်တွင်း မဲခွဲဆုံးဖြတ်မှုတွင် လုံလောက်သည့် မဲအရေအတွက်ရရှိခဲ့ခြင်း မရှိပေ။ သို့သော်လည်း ၎င်းပါတီနှင့် မဟာမိတ်ပါတီများက ၎င်းကို နောက်ထပ်တစ်ကြိမ် အမည်စာရင်းတင်သွင်းရန် သဘောတူခဲ့ကြကြောင်း သိရသည်။

ပထမအကြိမ် မဲခွဲဆုံးဖြတ်မှုကို လွန်ခဲ့သည့် ဇူလိုင် ၁၃ ရက်က ကျင်းပခဲ့ရာ ပီထာသည် လွှတ်တော် နှစ်ရပ်ပေါင်း၏ ထောက်ခံမဲ ၃၇၅ မဲရရှိရန် လိုအပ်သော်လည်း ကွန်ဆာဗေးတစ်အမတ်များထံမှ လုံလောက်သောမဲအရေအတွက် မရရှိခြင်းကြောင့် အောင်မြင်မှုမရရှိခဲ့ပေ။

ရှေ့သို့ချီပါတီနှင့် အခြားအတိုက်အခံ ပါတီ ခုနစ်ခုတို့သည် ညွန့်ပေါင်းအစိုးရ ဖွဲ့စည်းနိုင်ရန် ကြိုးစားလုပ်ဆောင်နေပြီး ဇူလိုင် ၁၇ ရက်က တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြကြောင်း သိရသည်။ ထိုကဲ့သို့ တွေ့ဆုံဆွေးနွေးမှုအပြီးတွင် ပီထာက နောက်ထပ်တစ်ကြိမ် ဝင်ရောက်ယှဉ်ပြိုင်ရန် အတည်ပြုခဲ့ခြင်းဖြစ်သည်။

ထို့ပြင် ၎င်းအနေဖြင့် ယခုအကြိမ် မဲခွဲဆုံးဖြတ်မှုတွင် လုံလောက်သည့် မဲအရေအတွက် မရရှိပါက ဖြူထိုင်းပါတီ ကိုယ်စားလှယ်လောင်းတစ်ဦးကို ထောက်ခံသွားမည်ဖြစ်ကြောင်း ပြောသည်။ ဖြူထိုင်းပါတီသည် ထိုင်းနိုင်ငံတွင် ဒုတိယအကြီးဆုံးပါတီ ဖြစ်သည်။

အဆိုပါ ပါတီသည် ဖြုတ်ချခံဝန်ကြီး ချုပ်ဟောင်း သက်ဆင်ရှင်နာဝပ်ထရာနှင့် ဆက်နွယ်မှုရှိသည့် ပါတီလည်းဖြစ်သည်။

**အင်န်အိတ်ချ်ကေ**

## တောင်ကိုရီးယား-အမေရိကန်-ဂျပန်တို့ ဩဂုတ်လ၌ ထိပ်သီးဆွေးနွေးပွဲ ကျင်းပသွားဖွယ်ရှိ

**ဆိုးလ် ဇူလိုင် ၁၈**

တောင်ကိုရီးယား၊ အမေရိကန်နှင့် ဂျပန်နိုင်ငံတို့မှ ခေါင်းဆောင်များ တွေ့ဆုံဆွေးနွေးပွဲကို အမေရိကန်နိုင်ငံ၌ ဩဂုတ်လတွင် ပြုလုပ်သွားရန် စီစဉ်နေကြောင်း တောင်ကိုရီးယား ဒုတိယအမျိုးသား လုံခြုံရေးအကြံပေး ကင်တေဟိုးက ဇူလိုင် ၁၈ ရက်တွင် ပြောသည်။

တောင်ကိုရီးယား သမ္မတ ယွန်ဆက်ယိုးလ်နှင့် ဂျပန်ဝန်ကြီးချုပ် ဖူမီယိုကီရှီဒါတို့ကို ထိပ်သီး ဆွေးနွေးပွဲအတွက် အမေရိကန်သို့ ဖိတ်ခေါ်ရန် အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်၏ အဆိုပြုချက်ကို ကင်က ရည်ညွှန်းပြောခြင်းဖြစ်သည်။ အဆိုပါ ထိပ်သီးအစည်းအဝေးကို ဩဂုတ်လတွင် ပြုလုပ်သွားဖွယ်ရှိကြောင်း ၎င်းက ဖြည့်စွက်ပြောသည်။

ထို့အပြင် ခေါင်းဆောင်များသည် ထိုထိပ်သီးအစည်းအဝေးတွင် အမျိုးသားနှင့် စီးပွားရေးလုံခြုံရေးအပါအဝင် ကိစ္စရပ်အများအပြားကို ဆွေးနွေးသွားဖွယ် ရှိသည်။

**အင်န်အိတ်ချ်ကေ**

## အိန္ဒိယနိုင်ငံရေး ပါတီခေါင်းဆောင်များ လာမည့်နှစ် ရွေးကောက်ပွဲအတွက် မဟာဗျူဟာ ချမှတ်နိုင်ရန် တွေ့ဆုံ

**နယူးဒေလီ ဇန်နဝါရီ ၁၈**

အိန္ဒိယနိုင်ငံအတိုက်အခံပါတီ ၂၆ ပါတီမှ အဓိကခေါင်းဆောင်များသည် လာမည့်နှစ်တွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲအတွက် မဟာဗျူဟာတစ်ရပ်ချမှတ်နိုင်ရန် အိန္ဒိယနိုင်ငံတောင်ပိုင်း ဘန်ဂါလူရူမြို့တွင် ဇူလိုင် ၁၈ ရက်က တွေ့ဆုံခဲ့ကြသည်။

အိန္ဒိယနိုင်ငံ အတိုက်အခံ ပါတီခေါင်းဆောင်များသည် ပါတီအားလုံး၏ ရွေးကောက်ပွဲ ကြေညာစာတမ်းအခြေခံဖြစ်လာမည့် အများသဘောတူဆန္ဒတစ်ခု ထွက်ပေါ်လာရန် ကာနာတာကာမြို့၌ တွေ့ဆုံကြခြင်း ဖြစ်သည်။

ယခုအစည်းအဝေးသည် အတိုက်အခံပါတီအားလုံး၏ ဒုတိယ အစည်းအဝေးဖြစ်သည်။ ပထမဆုံးအစည်းအဝေးကို ပတ်နာမြို့၌ လွန်ခဲ့သောလက ကျင်းပခဲ့သည်။

၂၀၁၉ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် ဝန်ကြီးချုပ် နာရိန်ဒရာမိုဒီဦးဆောင်သော ဘာရာတီယာ ဂျာနာတာပါတီက အောက်လွှတ်တော် လော့ခ်ဆာဘာ၏ အမတ်နေရာ ၅၄၃ နေရာအနက် ၃၀၃ နေရာရရှိခဲ့သည်။ ထို့ပြင် ဘာရာတီယာပါတီသည် အိန္ဒိယနိုင်ငံ ပြည်နယ်ထက်ဝက်ကျော်ကို တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ဩဇာလွှမ်းမိုးထားသည်။

တစ်ချိန်တည်းတွင် ဘာရာတီယာပါတီသည် ၎င်း၏မဟာမိတ်များထံမှ ထောက်ခံမှုရရှိရန်ကြိုးပမ်းလျက်ရှိသည်။

**ဆင်ဟွာ**

# အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရအရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG,CRPH လက်အောက်ခံ အကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီး အသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

## အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည်ဆိုသည့် အကြောင်းအရာတို့အပေါ် အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး(သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့်(သို့မဟုတ်) မလိုမုန်းထားမှုကိုဖော်ပြသည့် ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန်လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကို ဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီး ညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့်တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

## ချင်းတွင်းမြစ်ရေ ဟုမ္မလင်းမြို့နှင့် ဖောင်းပြင်မြို့တို့၏ စိုးရိမ်ရေမှတ် ကျော်လွန်ရောက်ရှိ

**နေပြည်တော် ဇူလိုင် ၁၈**

ယနေ့နံနက် ၈ နာရီခွဲ တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ဟုမ္မလင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ တစ်ပေခန့် ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ဖောင်းပြင်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ တစ်လက်မခန့် ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း တစ်ပေခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်၍ ဟုမ္မလင်းမြို့နယ်နှင့် ဖောင်းပြင်မြို့နယ်များအတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။ **မိုး/ဇလ**



### အိမ်မဲမြို့နယ်၌ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်သည့် လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သောသွင်းအားစုများ ပေးအပ်ပွဲကျင်းပ

**အိမ်မဲ ဇူလိုင် ၁၈**

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရွှေပြည်တန်ခန်းမ၌ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်သည့် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သောသွင်းအားစုများ ပေးအပ်ပွဲအခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ နိုင်ငံ့စီးပွားမြှင့်တင်ရေး ခရိုင်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးစန်းငွေက နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်သည့် လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သောသွင်းအားစုများ ပေးအပ်ရသည့်ရည်ရွယ်ချက်များကို ပြောကြားသည်။

ဆက်လက်ပြီး တာဝန်ရှိသူများက တောင်သူများအား သွင်းအားစုများ ပေးအပ်ရာ ညောင်ကုန်းချောင်းဖျားကျေးရွာကို ယူရီးယားနှင့်ကွန်ပေါင်းအိတ် ၁၄၀၊ ရေသိုးညောင်ဝိုင်းကျေးရွာကို ယူရီးယားနှင့်ကွန်ပေါင်း အိတ် ၃၀၀၊ ကန်ကြီးဒေါင့်ကျေးရွာကို ယူရီးယားနှင့်ကွန်ပေါင်း အိတ် ၄၄၀တို့ကို ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

❂ *ကျောဖုံးမှ*

ဒီဂီယာသည် နည်းပြ ဖာဂူဆန်လက်ထက်တွင် အိုးထရက်ဖို့ဒ်သို့ ပြောင်းရွှေ့ရောက်ရှိလာသူဖြစ်ပြီး ၁၂ ရာသီအတွင်း အသင်းအတွက် ၅၄၅ ပွဲပါဝင်ကစားထားသူဖြစ်သည်။ ထို့အပြင် ၎င်းသည် မန်ယူအသင်းအတွက် ပွဲ ၁၉၀ ဂိုးမပေးရအောင် စွမ်းဆောင်ထားနိုင်သည့် စံချိန်တင်မှတ်တမ်းတစ်ရပ်လည်း ပိုင်ဆိုင်ထားသူဖြစ်သည်။ သို့သော်လည်း ၎င်းသည် မန်ယူအသင်းနှင့် စာချုပ်သစ်ချုပ်ဆိုရန် ကမ်းလှမ်းမှု ပယ်ချလိုက်ပြီးနောက် မန်ယူအသင်းက နံပါတ်တစ်ဂိုးသမားနေရာအတွက် ရှာဖွေလုပ်ဆောင်နေခြင်း ဖြစ်သည်။

မန်ယူအသင်းက ခေါ်ယူရန် သဘောတူညီမှု ရရှိထားသည့် အိုနာနာသည် ၂၀၂၂ ခုနှစ် ဇူလိုင်လတွင် အလွတ်ပြောင်းရွှေ့ကြေးဖြင့် အင်တာမီလန်အသင်းသို့ မပြောင်းရွှေ့မီ အိုင်းယက်စ်အသင်း၌ ခုနစ်ခွဲကြာ ဖြတ်သန်းထားသူ ဖြစ်သည်။ ၎င်းသည် ပြီးခဲ့သည့်ရာသီစီးရေးအေ ၂၄ ပွဲတွင် ရှစ်ပွဲဂိုးမပေးရအောင် စွမ်းဆောင်ထားနိုင်သည်။ ထို့အပြင် ၎င်းသည် ဒီဇင်ဘာလတွင် နိုင်ငံ့လက်ရွေးစင်ကစားသမားဘဝမှ အနားယူထားသူလည်း ဖြစ်သည်။

အိုနာနာသည် ချယ်ဆီးအသင်းမှ မေဆင်မောင့်ပြီးနောက် အိုးထရက်ဖို့ဒ်သို့ ရောက်ရှိလာသော ဒုတိယမြောက် ကစားသမားဖြစ်လာမည်ဖြစ်သည်။ **အောင်ဇော်**

## ဘီးလင်း၌ နိုင်ငံတော်ထောက်ပံ့ငွေဖြင့် ကျေးရွာဖွံ့ဖြိုးရေးများ ဆောင်ရွက်မည်

ဘီးလင်း ဇူလိုင် ၁၈

မွန်ပြည်နယ် ဘီးလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဘီးလင်းမြို့နယ်အတွင်းရှိ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန်အတွက် နိုင်ငံတော်မှ ထောက်ပံ့ငွေတစ်ရွာလျှင် ငွေကျပ်သိန်း ၁၅၀ စီဖြင့် ကျေးရွာခြောက်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီ (VDP) မံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ စီမံကိန်းကို ဆောင်ရွက်ခြင်းဖြင့် ကျေးလက်နေပြည်သူများ ကျေးရွာလူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ကျေးရွာလူထုကိုယ်တိုင် ၎င်းတို့ကျေးရွာ၏ ပကတိအခြေအနေများကို ဖော်ထုတ်ပြီး ဦးစားပေး အစီအစဉ်အလိုက် စီမံချက်များကို စနစ်တကျ ရေးဆွဲတတ်စေခြင်း၊ ကျေးရွာရှိ အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်လာစေခြင်း စသည့် အကျိုးကျေးဇူးများ ရရှိမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## MNL အမှတ်ပေးပြိုင်ပွဲတွင် GFA ကို ရန်ကုန်အသင်း ကိုးဂိုးပြတ်သွင်းယူ

**ရန်ကုန် ဇူလိုင် ၁၈**

၂၀၂၃ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၁၂) နောက်ဆုံးနေ့ကို ဇူလိုင် ၁၈ ရက်က ဆက်လက်ကျင်းပရာ ရန်ကုန်ယူနိုက်တက်အသင်း ဂိုးပြတ်အနိုင်ရရှိပြီး ကချင်ယူနိုက်တက်နှင့် ရတနာပုံအသင်း သရေကျခဲ့သည်။

YUSC ကွင်း၌ ကျင်းပသည့်ပွဲတွင် ရန်ကုန်ယူနိုက်တက်အသင်းက GFA အသင်းကို ကိုးဂိုးပြတ်အနိုင်ရရှိခဲ့သည်။ အမှတ်ပေးဇယား ဒုတိယ



ရန်ကုန်အသင်းနှင့် GFA အသင်း ယှဉ်ပြိုင်နေစဉ်။

နေရာမှ ရန်ကုန်အသင်းသည် ဇယားအောက်ဆုံးမှ GFA အသင်းကို ကိုးဂိုးပြတ်သွင်းယူပြီး ဂိုးပြတ်အနိုင်ရလဒ်နှင့်အတူ အနိုင်သုံးမှတ်ရယူနိုင်ခဲ့သည်။ GFA အသင်းမှာမူ ဂိုးပြတ်အရှုံးကြောင့် တန်းဆင်းဇုန်မှ လွတ်ရန် ပိုမိုရုန်းကန်ရတော့မည်ဖြစ်သည်။

ရန်ကုန်အသင်းသည် ဒေးဗစ်ထန်၊ ရန်နိုင်ဦး၊ လှိုင်းဘိုဘို အပါအဝင် နိုင်ငံခြားသားကစားသမား သုံးဦးအထိ ထည့်သွင်းအသုံးပြုခဲ့ ပြီး GFA အသင်းကလည်း ရွှေဝင်းထွန်း၊ ဂျိုးဇက်၊ သန်းတိုးအောင်တို့ဖြင့် ပွဲထွက်ခဲ့သည်။ ရန်ကုန်အသင်းသည် ပွဲစကတည်းက ဖိအားပေးခဲ့ပြီး ပထမပိုင်းတွင် ငါးဂိုး၊ ဒုတိယပိုင်းတွင် လေးဂိုးသွင်းယူခဲ့ခြင်းဖြစ်သည်။ GFA အသင်းသည် ရန်ကုန်အသင်းကို ယှဉ်မကစားနိုင်သည့်အပြင် တစ်ယောက်အထုတ်ခံရသဖြင့် ၁၀ ဦးတည်းဖြင့် ကစားခဲ့ရပြီး ပေးဂိုးများသွားခြင်းဖြစ်သည်။ ရန်ကုန်အသင်းအတွက် အနိုင်ဂိုးများကို ပွဲအစ ခြောက်မိနစ်တွင် နောက်ခံလူ ဟာဘီလာ၊ ၁၁ မိနစ် တွင် ဆယ်လာ၊ ၁၆၊ ၂၆၊ ၃၁၊ ၅၉ မိနစ်တွင် ဗလင်စီယာ၊ ၅၈၊ ၇၀ မိနစ်တွင် ဥက္ကာနိုင်နှင့် ၆၅ မိနစ်တွင် ရန်ကျော်ထွေးတို့က အနိုင်ဂိုးများ သွင်းယူခဲ့သည်။ ယခုပွဲအတွက် အကောင်းဆုံးဆုကို တစ်ပွဲတည်း လေးဂိုးသွင်းယူခဲ့သည့် ရန်ကုန်တိုက်စစ်မှူး ဗလင်စီယာက ရရှိသည်။

သုဝဏ္ဏကွင်း၌ကျင်းပသည့်ပွဲတွင် ကချင်ယူနိုက်တက်အသင်းနှင့် ရတနာပုံအသင်း နှစ်ဂိုးစီသရေကျခဲ့သည်။ တန်းဆင်းဇုန် အန္တရာယ်ရှိနေသည့် ကချင်ယူနိုက်တက်အသင်း ရုန်းကန်ခဲ့သော်လည်း နှစ်ဂိုးပြတ်ဦးဆောင်ပြီးမှ သရေတစ်မှတ်ဖြင့် ကျေနပ်ခဲ့ရသည်။ ကချင်ယူနိုက်တက်အသင်းအတွက် ဦးဆောင်ဂိုးများကို ၁၁ မိနစ်တွင် ဆိုင်းအောင်နှင့် ၁၃ မိနစ်တွင် ပယ်နယ်တီမှတစ်ဆင့် ဇော်မွန်အောင်တို့က သွင်းယူခဲ့ပြီး ရတနာပုံအသင်းအတွက် ချေပဂိုးများကို မိနစ် ၃၀ တွင် ပယ်နယ်တီမှတစ်ဆင့် သက်ဟိန်းစိုးနှင့် ၃၃ မိနစ်တွင် ကောင်းထက်ပိုင်တို့က သွင်းယူခဲ့သည်။ ယခုပွဲအတွက် အကောင်းဆုံးဆုကို ကချင်ယူနိုက်တက် ဂိုးသမား မွန်ထွယ်အောင်က ရရှိခဲ့သည်။ ပွဲစဉ် (၁၂) အပြီးတွင် လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းက ရမှတ် ၃၂ မှတ်ဖြင့် ဆက်လက်ဦးဆောင်နေပြီး ရန်ကုန်အသင်းက ၃၁ မှတ်၊ အား/ကာသိပ္ပံအသင်းက ၂၀ မှတ်၊ ဟံသာဝတီအသင်းက ၁၉ မှတ်၊ မဟာယူနိုက်တက်အသင်းက ၁၇ မှတ်၊ ဒဂုံစတားအသင်းနှင့် ရတနာပုံအသင်းတို့က ၁၄ မှတ်စီ၊ ရခိုင်ယူနိုက်တက်နှင့် မြဝတီအသင်းက ၁၃ မှတ်စီ၊ ဧရာဝတီအသင်းက ၁၁ မှတ်၊ ကချင်ယူနိုက်တက်အသင်းက ၁၀ မှတ်၊ GFA အသင်းက ခုနစ်မှတ် ရရှိထားသည်။

**ရဲရင့်လွင်၊ ဓာတ်ပုံ-MNL**

## ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပြည်တွင်း/ပြည်ပ စေတနာရှင်ပြည်သူများက အလှူငွေများ လှူဒါန်းနိုင်ရေး အသိပေးကြေညာခြင်း

၁။ မြန်မာနိုင်ငံတွင် ၁၄-၅-၂၀၂၃ ရက်နေ့တွင် ဖြစ်ပွားခဲ့သည့် အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပါဝင်လှူဒါန်းလိုသော စေတနာရှင်ပြည်သူများအနေဖြင့် မြန်မာကျပ်ငွေစာရင်းအမှတ် OA -011834 နှင့် နိုင်ငံခြား ငွေစာရင်းအမှတ် 1DA- 0300086 သို့ ထည့်ဝင်လှူဒါန်းနိုင်ကြောင်း ကြေညာခဲ့ပါသည်။

၂။ ထိုသို့ကြေညာရာတွင် အခြားသော အီလက်ထရွန်နစ်ငွေပေးချေမှုစနစ်နှင့် မိုဘိုင်းငွေပေးချေမှုစနစ်များဖြင့် လှူဒါန်းနိုင်ရန် ဆက်လက်ဆောင်ရွက်လျက်ရှိပြီး ထပ်မံအသိပေးကြေညာသွားမည်ဟု ပါရှိပါသည်။


၃။ လှူဒါန်းရာတွင် ယခင်ကြေညာထားသည့် ဖုန်းနံပါတ်နှင့် ဖွင့်လှစ်ထားသည့်အကောင့်သို့ လှူဒါန်းမှုပြုနိုင်ရေး ကြေညာထားပြီး ဖုန်းနံပါတ်ဖြင့်လှူဒါန်းမှုပြုလုပ်ခြင်းမှာ ရောထွေးနိုင်သဖြင့် ဖုန်းနံပါတ်အစား QR ဖြင့် လှူဒါန်းနိုင်ရေး ဆောင်ရွက်ထားပြီးဖြစ်ပါသည်။

၄။ KBZ Pay ၊ Wave Money တို့ဖြင့် လှူဒါန်းနိုင်ပြီး လှူဒါန်းလိုပါက KBZ Pay ၊ Wave Money တို့၏ QR အား Scan ဖတ်ခြင်း၊ QR တွင် ပါဝင်သော ကုတ်နံပါတ်အား ရိုက်ထည့်၍ လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။

၅။ ယခုအခါ ပြည်သူများ လှူဒါန်းမှုပြုလုပ်ရာတွင် ပိုမိုအဆင်ပြေစေရေး ပြည်သူများ အသုံးပြုမှုများပြားသည့် CB Pay ၊ AYA Pay၊ OK $ ၊ UAB pay နှင့် Citizens Pay တို့ဖြင့်လည်း လှူဒါန်းနိုင်ရေး ဆောင်ရွက်ထားပြီးဖြစ်သဖြင့် QR အား Scan ဖတ်ခြင်း၊ QR တွင်ပါဝင်သော ကုတ်နံပါတ်အား ရိုက်ထည့်၍ လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။

၆။ လှူဒါန်းလိုသူများအနေဖြင့် အောက်ပါပုဂ္ဂိုလ်များသို့ ဆက်သွယ်မေးမြန်းလှူဒါန်းနိုင်ပါသည်-

| နေပြည်တော် | ရန်ကုန်မြို့ | မန္တလေးမြို့ |
|---|---|---|
| ဒေါ်လွဲ့လွဲ့အေး<br>ညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၅၀<br>၀၉-၂၀၂၁၄၉၁ | ဦးသန်းစိုး<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၂၅၀၁၂၃၈၈၅ | ဦးအေးမင်းသူ<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၄၂၀၇၀၈၈၂၇ |
| ဦးဝင်းရွှေ<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၄၈<br>၀၉-၂၅၄၁၇၀၀၁၁ | ဒေါ်သန်းသန်းဝင်း<br>ဒုတိယညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၄၂၀၇၄၀၁၆၀ | |
| ဒေါ်ဖြူဖြူဝင်း<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၃၁၆<br>၀၉-၄၃၀၅၄၈၄၄ | | |




အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး / ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၉-၇-၂၀၂၃

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၁၁၀ | ၂၁၆၀ | ၂၁၅၅ | ၂၁၂၀ | ၂၁၆၀ | ၂၁၈၅ | ၂၁၇၀ | ၂၁၄၅ | ၂၂၄၅ | ၂၂၆၀ | ၂၁၅၀ | ၂၁၆၀ | ၂၂၀၀ | ၂၂၀၀ | ၂၂၀၀ | ၂၄၃၀ | ၂၉၂၀ |
| 95 Ron | ၂၂၁၅ | ၂၂၇၅ | ၂၂၇၅ | ၂၂၃၅ | ၂၂၇၅ | ၂၃၀၀ | ၂၂၈၀ | ၂၂၆၀ | ၂၃၆၀ | ၂၃၇၅ | ၂၂၆၅ | ၂၂၈၅ | ၂၃၀၀ | ၂၃၁၅ | ၂၃၁၅ | ၂၅၄၅ | ၂၉၂၀ |
| HSD (500 ppm) | ၂၁၆၀ | ၂၁၁၀ | ၂၁၁၅ | ၂၀၇၀ | ၂၁၀၀ | ၂၁၃၀ | ၂၁၃၀ | ၂၀၈၅ | ၂၂၁၅ | ၂၂၁၀ | ၂၀၀၀ | ၂၁၁၅ | ၂၁၄၅ | ၂၁၄၅ | ၂၀၅၀ | ၂၃၈၀ | ၂၉၂၀ |
| HSD (50 ppm) | ၂၁၄၀ | ၂၁၉၀ | ၂၁၈၅ | ၂၁၅၀ | ၂၁၉၀ | ၂၂၁၀ | ၂၂၀၀ | ၂၁၇၅ | ၂၂၈၅ | ၂၂၉၀ | ၂၁၈၀ | ၂၁၈၅ | ၂၂၁၅ | ၂၂၁၅ | ၂၂၃၀ | ၂၄၆၀ | ၂၉၀၀ |
| HSD (10 ppm) | ၂၁၄၀ | ၂၁၉၀ | ၂၁၈၅ | ၂၁၅၀ | ၂၁၉၀ | ၂၂၁၀ | ၂၂၀၀ | ၂၁၇၅ | ၂၂၈၅ | ၂၂၉၀ | ၂၁၈၀ | ၂၁၈၅ | ၂၂၁၅ | ၂၂၁၅ | ၂၂၃၀ | ၂၄၆၀ | ၂၉၀၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၀၀၆ | ၂၀၈၀ |
| 95 Ron | ၂၁၁၇ | ၂၁၉၃ |
| HSD (500 ppm) | ၁၉၆၀ | ၂၀၂၉ |
| HSD (50 ppm) | ၂၀၃၄ | ၂၁၀၄ |
| HSD (10 ppm) | ၂၀၃၄ | ၂၁၀၄ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၀၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## ဆိုင်ကလုန်းမုန်တိုင်းမိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် SMS စာတိုဖြင့် လှူဒါန်းနိုင်ရေး အသိပေးကြေညာ

နေပြည်တော် ဇူလိုင် ၁၈

မြန်မာနိုင်ငံ၌ မေ ၁၄ ရက်တွင် ဖြစ်ပွားခဲ့သည့် အလွန့်အလွန် အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့် ပြည်သူများအတွက် ပါဝင်လှူဒါန်းလိုသော စေတနာရှင် ပြည်သူများ အနေဖြင့် လှူဒါန်းမှုများပြုလုပ်ရာတွင် ပိုမိုအဆင်ပြေစေရေးအတွက် ပြည်သူများ အသုံးပြုမှုများပြားသည့် မိုဘိုင်းတယ်လီဖုန်းများ မှတစ်ဆင့် SMS (စာတို)ဖြင့် လှူဒါန်းငွေများပေးပို့နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်သည်။

ထိုသို့လှူဒါန်းရာတွင် မိုဘိုင်းသုံးစွဲသူ စေတနာရှင် ပြည်သူများအနေဖြင့် မိမိတို့၏ အသုံးပြုနေသည့် မိုဘိုင်းဖုန်းများမှတစ်ဆင့် 9090 သို့ 500 ဟု SMS ပေးပို့၍ တစ်ကြိမ်လျှင် ငွေကျပ် ၅၀၀ နှုန်းဖြင့် လှူဒါန်းနိုင်ကြောင်း ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနက အသိပေးကြေညာထားသည်။

သတင်းစဉ်

## ၂၀၂၃ ခုနှစ် (၇၆) နှစ်မြောက် အာဇာနည်နေ့ အခမ်းအနား MRTV မှ တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် ဇူလိုင် ၁၈**

၂၀၂၃ ခုနှစ် ဇူလိုင် ၁၉ ရက်တွင် ကျရောက်မည့် (၇၆) နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကို ဇူလိုင် ၁၉ ရက် နံနက် ၈ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ အာဇာနည်ဗိမာန်၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ အခမ်းအနား ကျင်းပပုံများကို ဇူလိုင် ၁၉ ရက်နေ့ နံနက် ၇ နာရီ မိနစ် ၄၀ မှစတင်ပြီး မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV – HD Channel ၊ MRTV News Channel ၊ MWD– HD Channel ၊ MWD Variety HD Channel ၊ MITV ၊ MOI Website ၊ MOI Youtube၊ MRTV Website နှင့် မြန်မာ့အသံ ရေဒီယို၊ သဇင် FM ၊ Star FM ၊ ပတ္တမြား FM ၊ FM ပုဂံ ၊ ပဥ္စဝတီ FM ၊ မန္တလေး FM၊ ချယ်ရီ FM ၊ ရွှေ FM တို့မှ တိုက်ရိုက် (LIVE) ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## အာဇာနည်ဗိမာန်သို့ လာရောက်ဂါရဝပြုမည့် မိဘပြည်သူများ လိုက်နာဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံပန်ကြားခြင်း

➢ ဘောလ်ပင်အမျိုးမျိုး၊ လက်ကိုင်ဖုန်းအမျိုးမျိုး၊ အလံအမျိုးမျိုး၊ လက်ကိုင်အိတ်အမျိုးမျိုး၊ ကင်မရာအမျိုးမျိုး၊ မီးခြစ်အမျိုးမျိုး၊ ပန်းခွေ/ပန်းစည်း/ပန်းခြင်းအမျိုးမျိုး၊ ဗီနိုင်းစအမျိုးမျိုး၊ ပုလင်း/ဘူးအမျိုးမျိုး၊ အလံကိုင်ဆောင်ရာတွင်အသုံးပြုသည့် တုတ်နှင့်ကော်ပိုက်/သံပိုက်များ ယူဆောင်၍ အာဇာနည်ဗိမာန်အတွင်းသို့ ဝင်ရောက်ခွင့်မပြုပါ။
➢ လာရောက်သူများအားလုံး နှာခေါင်းစည်း(Mask)များ မပျက်မကွက် စနစ်တကျတပ်ဆင်ရန်။
➢ သတ်မှတ်ပေးထားသော နေရာများတွင် စနစ်တကျလက်ဆေးခြင်း၊ အသင့်စီစဉ်ပေးထားသော Hand Sanitizer သုတ်လိမ်းခြင်းတို့ကို ဆောင်ရွက်ပြီးမှသာ ဝင်ရောက်ရန်။
➢ ဗဟန်းမြို့နယ်၊ လင့်ခ်လမ်းတွင် ကိုယ်အပူချိန်တိုင်းတာခြင်းအပါအဝင် ကျန်းမာရေးဆိုင်ရာ စစ်ဆေးမှုများနှင့် အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ နေရပ်လိပ်စာ၊ တယ်လီဖုန်းနံပါတ်စသည်တို့ကို ပြည့်စုံမှန်ကန်စွာ စာရင်းပေးသွင်းရန် (နိုင်ငံသားစိစစ်ရေးကတ် (သို့မဟုတ်) ဝန်ထမ်းကတ် (သို့မဟုတ်) ကျောင်းသားကတ် (သို့မဟုတ်) ကိုယ်ရေးအချက်အလက်စိစစ်နိုင်သည့် အသိအမှတ်ပြုကတ်ပြား) ယူဆောင်လာပါရန်။
➢ ကျန်းမာရေးဝန်ကြီးဌာနမှ သတ်မှတ်ထားသော Social/Physical Distancing နှင့်အညီ ရှေ့နောက်၊ ဘေးတိုက်အကွာအဝေးများကို (၆)ပေအကွာအဝေးအတိုင်း လိုက်နာနိုင်ရန်နှင့် နေရာများအလိုက် တာဝန်ရှိသူများ၏ စီစဉ်ဆောင်ရွက်မှုကို ပူးပေါင်းပါဝင်ရန်။
➢ ကိုယ်အပူချိန်မြင့်ခြင်း (အပူချိန် ၃၈ ဒီဂရီစင်တီဂရိတ်/၁၀၀.၄ ဒီဂရီဖာရင်ဟိုက်)၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခန်းခြင်းအပါအဝင် သံသယဖြစ်ဖွယ်လက္ခဏာများ စစ်ဆေးတွေ့ရှိရပါက သက်ဆိုင်ရာ၏ အကြံပြုချက်အတိုင်း လိုက်နာဆောင်ရွက်ရန်။
➢ အာဇာနည်ဗိမာန်တွင် တာဝန်ထမ်းဆောင်နေကြသူများ၏ စီစဉ်ဆောင်ရွက်ပေးမှုနှင့်အညီ လိုက်နာဆောင်ရွက်ရန်။
➢ အာဇာနည်ဗိမာန် ရင်ပြင်ပေါ်တွင် ဂါရဝပြုသူများအနေဖြင့် တစ်ဦးနှင့်တစ်ဦး (၆)ပေခြား၍ (၁)ကြိမ်လျှင် (၁၀)ဦးစီဖြင့် သတ်မှတ်နေရာတွင် ဂါရဝပြုအလေးပြုရန်နှင့် ပြန်လည်ထွက်ခွာရာတွင်လည်း တစ်ဦးနှင့်တစ်ဦး (၆)ပေခြားဖြင့်သာ ပြန်လည်ထွက်ခွာရန်။
